မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂)

ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆိုသည့် ရည်မှန်းချက်ပန်းတိုင် လက်တစ်ကမ်းရောက်နေ

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညအားကစားကွင်း၌ မွန်ပြည်နယ်မှ မြို့မိမြို့ဖများကဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်ရှိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်းအင်အားတစ်သိန်းကျော်တို့က အင်တိုက်အားတိုက် တစ်ခဲနက် တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စပိန်နိုင်ငံဘုရင်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စပိန်နိုင်ငံဘုရင်ပထမမြောက် ဟွန်၊ကားလို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စပိန်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ စပိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး၊ လူးဝီး(စ်) ရိုဒရီ ဂူ(ဇ်)၊ ဇာပါတဲရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လှေကားထစ်လေးများ မဖြစ်စေလိုပါ

နိုင်ငံတော်တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်များက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အမှန်တကယ် လိုလားသူတို့အတွက် အားတက်စရာဖြစ်ပါသည်။ အမျိုးသားညီလာခံကြီး ပြီးခဲ့ပြီ။ ကျန်အဆင့်များကို ဆက်လက်အကောင်အထည်ဖော်တော့မည်။ ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူတို့ဆန္ဒကို ဥပဒေနှင့် အညီ ပြသခွင့်ရကြမည်။ ထိုမှတစ်ဆင့် တက်လျှင် လွှတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပသည့်အခါတွင် အစိုးရကိုဆန့်ကျင်သူများပင် ပါတီဖွဲ့စည်းပြီး ပါဝင်နိုင်ရေးကို မျှော်လင့်ပါသည်ဟု ဆိုခဲ့ပေပြီ။

ကျော်ရဲမင်း၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်)

နယ်ချဲ့လက်သစ်ဝါဒီများ၏ သပ်လျှိုသွေးခွဲမှု တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားမာန်ဖြင့် တိုက်ဖျက်ချေမှုန်း

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ယခုနှစ် စက်တင်ဘာ ၃ ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် နယ်ချဲ့လက်သစ်ဝါဒီများ၏ စိတ်တိုင်းကျ ခြယ်လှယ်နိုင်သည့် ရုပ်သေးအစိုးရထားရှိရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ကျောထောက်နောက်ခံမပြုသည့်အတွက် ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလာခဲ့သည်။

နယ်ချဲ့လက်ဝေခံ ပြည်ပအသံလွှင့်ဌာနများနှင့် ပြည်တွင်းက မင်းမဲ့စရိုက်အုပ်စုများကလည်း ဆူပူမှုဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်လာကြသည်။ BBC ၊ VOA ၊ RFA နှင့် DVB က အမျိုးမျိုးအဖုံဖုံ၊ လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။ ပြည်ပအားကိုးဖြင့် အာဏာရယူလိုသည့် ပြည်သူ့အန္တရာယ် ပုဆိန်ရိုးများကလည်း လှုပ်ရှားလုပ်ဆောင်လာကြပြန်သည်။

တိုင်းရင်းသားတစ်ဦးဦးကို အလှည့်ဖြင့် မြန်မာနိုင်ငံအတွင်း သတင်းဖြစ်ပွားရာနေရာက ဒေသခံ အသံမျိုးဖြင့် လိမ်လည်လှည့်ဖြား သတင်းပေးတာမျိုး BBC ၊ VOA တို့က ကျွမ်းကျင်ပြီးသားဖြစ်သည်။ BBC နှင့် ကြိုပြီး အကွက်ဆင်သည့်အတိုင်း ပြောလိုက်ရုံဖြင့် ထိုသူအတွက် နေ့တွက်ကိုက်သွားရသည်။

အဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများ၏ မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်မှုကြောင့် အမိုက်ကစ ပြဿနာဒ်မီးမလောင်စေရန် အချိန်မီတားဆီးခဲ့ရသည်။ ထိုလေလှိုင်းပေါ်က တရားခံများကို မြန်မာပြည်သူလူထု တစ်ရပ်လုံးက အမျိုးသားရေး စိတ်ဓာတ်ဖြင့် ဆန့်ကျင်တွန်းလှန်ကြရမည် ဖြစ်သကဲ့သို့ သွေးထိုးစကားများကိုလည်း နားမယောင်မိကြစေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ချေဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နယ်ချဲ့လက်သစ်ဝါဒီနိုင်ငံများနှင့် ပြည်တွင်းပုဆိန်ရိုးများက တပ်မတော်နှင့်ပြည်သူအား သပ်လျှိုသွေးခွဲမှု အမျိုးမျိုး လုပ်ကြံဖန်တီးလျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်သည့်အားမာန်ဖြင့် တိုက်ဖျက်ချေမှုန်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူ ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း လှူဒါန်းခဲ့ကြသော ငွေကျပ်သုံးသောင်းနှင့် အထက် ငွေပဒေသာပင် အလှူရေစက်ချပွဲနှင့်အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။

အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကြွရောက်နိုင်မည်၊ မကြွရောက်နိုင်မည်ကို တယ်လီဖုန်းအမှတ် ၅၄၁၇၉၆၊ ၅၄၁၇၉၇သို့ ဆက်သွယ်ပြန်ကြားပေးပါရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားကြောင်း သိရသည်။ (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၁၂-၁၀-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၄၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၃၃)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံအမှတ် (၁) နှင့် (၂) တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီးအောင်ထွင်တို့ လိုက်ပါလျက် အောက်တိုဘာ ၃ရက် နံနက်၉နာရီခွဲက ပုသိမ်ကြီးမြို့နယ် ဝွေ့ကြီးကုန်းကျေးရွာအနီးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအမှတ်(၁) ကွင်းအမှတ် (၅၁၀)ရှိ မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး အဆိုပါ စိုက်ခင်းအတွင်း လယ်ဧက ၃၇ ဒသမ ၅၄ဧကရှိ ဆင်းသွယ်လတ် စပါးခင်းနှင့် မနောသုခစိုက်ခင်းတို့တွင် ပိုးသတ်ဆေးပက်ဖျန်းနေမှုနှင့် ပေါင်းမြက်များ ရှင်းလင်းနေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးရာ(အပေါ်ပုံ) **စိုက်ခင်းတာဝန်ခံများနှင့် မြို့တော်ဝန်တို့၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။**

ရှင်းလင်းတင်ပြ

၎င်းနောက် တိုင်းမှူးသည် ပျိုးခြံအတွင်း ပျိုးထောင်ထားသည့် ပျိုးသက်လေးလရှိ ဆီးပျိုးပင်၁၀၀၀၀နှင့် တရုတ်စကားပျိုးပင် ၁၀၀၀၀တို့ကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှူးနှင့် မြို့တော်ဝန်တို့က ဆက်လက်စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် အဆိုပါ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (၁)အတွင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဌာနများအလိုက် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများနှင့် ပီလောပီနံစိုက်ခင်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စိုက်ပျိုးမွေးမြူရေးခြံအတွင်းရှိ မေထုန်မဲ့ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကာ စိုက်ပျိုးမွေးမြူရေးတာဝန်ခံနှင့် မြို့တော်ဝန်တို့၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည်ငါးဆေးထိုးသားဖောက်လုပ်ငန်းနေရာသို့ ရောက်ရှိကြပြီး ဆေးထိုးပြီး သားဖောက်ထားသည့် တစ်လသား၊ နှစ်လသား၊ သုံးလသားအရွယ်ငါးသားပေါက်များနှင့် လက်တွေ့ ငါးသားဖောက်ဆောင်ရွက်နေမှု အခြေအနေများ၊ ငါးကန်အတွင်း မွေးမြူထားသည့် ရွှေဝါငါးကြင်းနှင့် ငွေရောင်ငါးကြင်းများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ဝက်မွေးမြူရေးခြံ

ဆက်လက်၍ တိုင်းမှူးသည် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်သာယာနယ်မြေ)မှ မွေးမြူထားသည့် ဝက်မွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံအမှတ်(၁)တို့တွင် မွေးမြူထားသော (Large White) အမျိုးအစားနှင့် (Berk Shire)အမျိုးအစား ဝက်များ မွေးမြူထားရှိသည့် အခြေအနေနှင့် ဝက်သားပေါက်များအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဥစားကြက်မွေးမြူ

ထို့နောက် တိုင်းမှူးသည် Evaporated Cooling System ဖြင့် မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံအမှတ်(၁)သို့ရောက်ရှိကြပြီး ဘက်ကော့အမျိုးအစားဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အမှတ်(၂)ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိပြီး အဆိုပါ ခြံအတွင်း ဗေဒါ၊ ကောက်ရိုး၊ မြက်ခြောက်၊ ကျုံးမှော်၊ ကြက်ဆူစေ့အခွံ စသည့်စွန့်ပစ်ပစ္စည်းများအား ပြုပြင်၍ သဘာဝမြေဩဇာ ထုတ်ယူနေမှုအားကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ဖြစ်ထွန်းအောင်မြင်နေသည့် ဆိတ်များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာသံ့ဃာရ ရုပ်ရှင်တော်မြတ် ရွှေသင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၁

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် ဘိုကုန်းဇေယျာသိဒ္ဓိဘုရားကျောင်းတိုက်တွင် သီတင်းသုံးတော်မူမည့် မဟာသံ့ဃာရရုပ်ရှင်တော်မြတ်ကြီးကို နှစ်စဉ်ကျင်းပမြဲ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို မဟာသံ့ဃာရဆရာတော် ဘဒ္ဒန္တကုမာရအရှင်သူမြတ်က ကြီးမှူးကျင်းပမည်ဖြစ်သည်။ အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ မည်သူမဆို ရွှေသင်္ကန်း ကိုယ်တိုင် ကပ်လှူပူဇော်နိုင်ပြီး အောက်တိုဘာ ၂၄ ရက်၊ ၂၅ ရက်တို့တွင် အဓိဋ္ဌာန်ပုတီးစိပ်လိုသူများ၊ သစ်သီးဆက်ကပ်လိုသူများ ကြွရောက်နိုင်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၇ ရက်) နံနက် ၉ နာရီတွင် ပင့်သံဃာအရှင်မြတ်များနှင့် မဟာသံ့ဃာရရုပ်ရှင်တော်မြတ်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး တစ်ပေါင်းတည်း စုပေါင်းကထိန်ပွဲကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များ အချိန်မီလာရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ (ဝ၄၆)

ကိုးပါးသီလခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဧည့်ပရိသတ်များ (၂၆)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ (၁၄၃)ကြိမ်မြောက် ငါးမြို့နယ် သံဃမဟာပဝါရဏာပွဲနှင့် (၅၉)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၁

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ (၁၄၃)ကြိမ်မြောက် ငါးမြို့နယ် သံဃမဟာပဝါရဏာပွဲကို သီတင်းကျွတ်လပြည့် (သောကြာနေ့) အောက်တိုဘာ ၂၆ ရက်တွင်လည်းကောင်း၊ (၅၉)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (တနင်္ဂနွေနေ့) နိုဝင်ဘာ ၄ ရက်နံနက် ၉ နာရီတွင်လည်းကောင်း နှစ်စဉ်နှစ်တိုင်းကဲ့သို့ စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပမည်ဖြစ်ပြီး ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် အကျွေးအမွေးဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် ပြည်တောင်တန်းတောရကျောင်းများ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ပြည်ရွှေဆံတော်စေတီတော်မြတ်ကြီးအနီး ဗိုလ်ချုပ်လမ်းရှိ သီရိခေတ္တသိရိန္ဒရ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် (၂၆)ကြိမ်မြောက် ပြည်တောင်တန်းတောရကျောင်းများ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ဆေးတို့ကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ဩဝါဒါစရိယနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော သံဃာ့ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တောင်တန်းတောရကျောင်းများ၊ ဆန်လှူအသင်းကြီးနှင့် ဆန်လှူအသင်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

လျှောက်ထား

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တင်ပြ

ဆက်လက်၍ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌ ဦးပေါ်ရွှေက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ထို့နောက်ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ဆေးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာ့ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ဆေးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိဗ္ဗိန္ဒတောရမှ သီလရှင်ဆရာကြီး၊ ဆရာလေးတို့က ဆုတောင်းမေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ပြည်တောင်တန်းတောရကျောင်းများ၌ ဝါဆို၊ ဝါကပ်တော်မူကြသည့် သံဃာ့ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီး ၆၃ ပါး၊ ရဟန်းတော် ၅၆၁ ပါး၊ သာမဏေ ၂၄၆ ပါးနှင့် သီလရှင် ၈၈၄ ပါးတို့အတွက် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၈၂၃ အိတ်၊ ဆီပိဿာ ၂၂၀၊ ဆားအိတ် ၁၈၀၀၊ ငွေကျပ်လေးသိန်းကျော် တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ အလှူငွေကျပ် ၇၃၁၁၃၀၀ နှင့် စုစုပေါင်းတန်ဖိုးကျပ်သိန်း ၃၀၀ ကျော်ဖိုး ဖြစ်သည်။ (သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် သီတင်းကျွတ်လပြည့်နေ့ အရဏ်ဆွမ်းတော်ကြီးတင်ကပ်လှူပွဲနှင့် မွန်းတည့် ၁၂ နာရီ အဘိဓမ္မာအခါတော်နေ့ကို နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်နှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပမည်ဖြစ်သည်။ နှစ်(၄၀)မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ကာ ငါးရက်တိုင် ကျင်းပ၍ ပြည်သာယာကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၁၅)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွက်

(၁၄-၁၀-၂၀၀၇)ရက်နေ့

နှင့်

(၂၈-၁၀-၂၀၀၇)ရက်နေ့

လေ့ကားထစ်လေးများ မဖြစ်စေလိုပါ

ကျော်ရဲမင်း

ပြီးခဲ့သည့် စက်တင်ဘာလဆန်းမှစတင်ပြီး သံဃာအချို့ ဆန္ဒပြမှုများ ပြုလုပ်လာချိန်တွင် ကျွန်တော့်အမေတစ်ယောက် ပူပင်သောကတွေ ရောက်လေတော့သည်။ ဇာတိမြို့ရှိ ဆရာတော်အတွက် စိတ်ပူသည်။ ကျောင်းရှိသံဃာတွေများ ပါကုန်ပြီလားဟု ရင်မောသည်။ အမေတို့မြို့က မကွေးတိုင်းအတွင်းရှိ ခရိုင်မြို့ဖြစ်ပြီး ဘိုးဘွားအစဉ်အဆက် ကိုးကွယ်ခဲ့သောကျောင်းက စာသင်တိုက်လည်းဖြစ်၊ ရန်ကုန်သာပြောင်းလာပေမယ့် ပစ္စည်းလေးပါး ဒါယကာအဖြစ် ရှိနေဆဲ၊ ပြန်ပြီး အလှူအတန်းလုပ်ဆဲ ဆိုတော့ အမေစိတ်ပူတာ မဆန်းလှပါ။ ထို့ကြောင့် ဆရာတော်ထံ ဖုန်းဆက်ပြီး အခြေအနေကိုလျှောက်ထားတော့ ဆရာတော်က အင်မတန် အနှစ်သာရရှိသောစကားကို ဆိုတော့သည်။

ဆရာတော့်ကျောင်းမှ စာသင်သားအချို့နှင့် စာချကိုယ်တော်အချို့က သူတို့လည်း လမ်းပေါ်ထွက်လျှောက်ချင်သည်ဟု ဆရာတော်ကို လျှောက်ထားသည်ဟု ဆိုသည်။ ဆရာတော်က **“လေ့ကားထစ် ဖြစ်ချင်သလား၊ ဘုရားစင် ဖြစ်ချင်သလား”**ဟု ပြန်မိန့်သည်။ **“နိုင်ငံရေးတွင် ဝင်ပါလျှင် နိုင်ငံရေးသမားတို့ အာဏာရအောင်လုပ်ရာတွင် နင်းတက်ခံရသည့် လေ့ကားထစ် ဖြစ်လိမ့်မည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အဆုံးအမနှင့်အညီနေထိုင်လျှင် ဘုရားစင်အဖြစ်ရောက်ပြီး လူတွေက ကိုးကွယ်ဆည်းကပ်ခံရမည်။ လူတွေကို လောကီ လောကုတ္တရာရေးရာတွေကို ဆုံးမသွန်သင်နိုင်ခွင့်ရလိမ့်မည်၊ အရှင်ဘုရားတို့ ကြိုက်တာရွေးကြ”**ဟု ခပ်တိုတိုရှင်းပြခဲ့သည်။ နောက်ဆုံးတော့ စာသင်တိုက်မှ သံဃာအားလုံး ကျောင်းတွင်းမှာပဲ ဝိနည်းတော်နှင့်အညီ ပရိယတ္တိစာပေများ သင်နေကြပြီ၊ ဘာမှစိတ်မပူနှင့်ဟု ဆရာတော်က မိန့်ကြားခဲ့သည်။

ဆရာတော်၏မိန့်မှာချက်က ကျွန်တော့်ကို အတွေးနယ်ချဲ့စေတော့သည်။ နိုင်ငံရေးသမားဆိုသူများက သံဃာတော်တွေကိုပင် အသုံးချဖို့ ဝန်မလေးလျှင် ကျွန်တော်တို့ ပြည်သူတွေကိုရော ဘယ်လိုအသုံးချနေသလဲ၊ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံရေးပါတီများ အာဏာရရေးအတွက် နင်းခံ ဒါမှမဟုတ် လေ့ကားထစ်တွေ ဖြစ်နေပြီလား။

၁၉၈၈ခုနှစ် အရေးအခင်းကာလက ဒီမိုကရေစီခေါင်းဆောင်ဆိုသူများ၊ ကျောင်းသားခေါင်းဆောင် ဆိုသူများ၊ သပိတ်ခေါင်းဆောင် ဆိုသူများအားလုံးက လူတွေကို သွေးဆူအောင်၊ လမ်းပေါ်တက်ပြီး အကြမ်းဖက်အောင် နည်းမျိုးစုံသုံးပြီး လှုံ့ဆော်ခဲ့ကြသည်။ ထိုအချိန်တွင် လမ်းစဉ်ပါတီက တင်ပြခဲ့သည့် ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ရန်၊ ရွေးကောက်ပွဲ ပြုလုပ်ရန်ဆိုသည့် အဆိုပြုချက်များကို အကြောင်း၊ အကျိုးနှင့် စဉ်းစားခွင့်မရအောင် ကောလာဟလများ၊ ပုံကြီးချဲ့သတင်းများဖြင့် သွေးထိုးခဲ့ကြသည်။ စဉ်းစား တွေဝေသွားသူများကို အကြမ်းဖက် ခြိမ်းခြောက်ပြီး လမ်းပေါ်ထွက်ခိုင်းခဲ့သည်။ အတိုချုပ်ပြောရလျှင် သွေးဆူနေမှုတွေ အရှိန်လျော့သွားပြီး ဆင်ခြင်တုံတရားတွေ ပေါ်ထွက်လာချိန် မရအောင် ဆက်တိုက်တွန်းပို့ခဲ့သည်။ ထိုလုပ်ရပ်ကို NLD နိုင်ငံရေးသုခမိန်ကြီး ဦးဝင်းတင်က **“နိုင်ငံရေးဆိုတာ Movement ရှိမှ အသက်ဝင်တယ်။ ဒါကြောင့် လူထုလှုပ်ရှားမှု အရှိန်မသေအောင် ကြွေးကြော်သံတွေ၊ လှုပ်ရှားမှုတွေ ဆက်တိုက်လုပ်ပြီး ထိန်းထားရမယ်”**ဟု ဆိုခဲ့သည်။ ဗကပယူဂျီ မိုးသီးဇွန်က **“လူတွေဟာ ဘဲအုပ်လိုပဲ၊ ရှေ့ကတစ်ကောင်သွားရင် နောက်ကတန်းစီလိုက်လာလိမ့်မယ်၊ သူတို့လိုက်နိုင်အောင် လမ်းပြခေါ်ပေးရမယ်”**ဟု ဆိုခဲ့သည်။ ဆိုသည့်အတိုင်းလည်း လုပ်ခဲ့ကြသည်။

ဤသို့ဖြင့် **နောက်ဆုံး အခြေအနေတွေ ထိန်းမနိုင် သိမ်းမရ ဖြစ်လာသည့်အခါ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည်။ ထိုအချိန်တွင် ဒီမိုကရေစီခေါင်းဆောင်ဆိုသူများ၊ ကျောင်းသား ခေါင်းဆောင်ဆိုသူများ ဘာလုပ်သည်ထင်ပါသလဲ၊ တပ်မတော်က ဖမ်းဆီးမည်ကို ကြောက်ပြီး လုံခြုံရာတွင် ပုန်းကာ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ တစ်ဖက်ကလည်း ပြည်ပအသံလွှင့်ဌာနများနှင့် ပူးပေါင်းပြီး တပ်မတော်က နိုင်ငံတော်အာဏာလွှဲပြောင်းရယူမှုကို လမ်းပေါ်ထွက်ပြီး တိုက်ပွဲဝင်ကြရန်၊ နယ်စပ်ဒေသသို့ ထွက်ပြေးပြီး လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲကြရန် လှုံ့ဆော်ခဲ့ကြသည်။ ထိုသို့တိုက်ပွဲဝင်သည်နှင့် ပြည်ပနိုင်ငံကြီးက စစ်တပ်တွေ ချက်ချင်းလွှတ်ပြီး ကူညီတော့မယောင်ယောင် သတင်းလွှင့်ခဲ့ကြသည်။**

ထိုစကားကိုယုံပြီး နယ်စပ်သို့ထွက်ပြေးသူက ပြေးကြသည်။ ဥပဒေကို ချိုးဖောက်ပြီး လမ်းပေါ်ထွက်ဆန္ဒပြသူတွေ၊ အကြမ်းဖက်သူတွေလည်း ရှိခဲ့သည်။ ထိုလုပ်ရပ်များကြောင့် အရေးယူခံရသူတွေရှိခဲ့သလို အသက်ဆုံးရှုံးခဲ့ရသူတွေလည်း ရှိကြသည်။ နယ်စပ်ဒေသမှာ ဖျားနာသေဆုံးသူတွေ၊ ကျဆုံးသွားသူတွေလည်း မနည်းခဲ့။ ဒီမိုကရေစီခေါင်းဆောင်ဆိုသူများနှင့် ကျောင်းသားခေါင်းဆောင်ဆိုသူများကမူ တပ်မတော်က ဖမ်းဆီးခြင်း မရှိကြောင်း သေချာသည်နှင့် အိမ်ပြင်ထွက်ပြီး ပါတီထောင်ကြတော့သည်။ စက်တင်ဘာ ၁၈ ရက်နေ့နှင့် ပါတီတွေ တည်ထောင်ခွင့်ပြုခဲ့သည့် စက်တင်ဘာ ၂၇ရက်နေ့ကြားတွင် ဘယ်ဒီမိုကရေစီခေါင်းဆောင်ဆိုသူမျှ၊ ဘယ်ကျောင်းသား ခေါင်းဆောင်ဆိုသူမျှ အဖမ်းမခံခဲ့ရ။ ထို့ကြောင့်လည်း ဦးအောင်ကြီး၊ ဒေါ်စုကြည်၊ ဦးတင်ဦးတို့တစ်တွေက NLD ဖြစ်၊ ဦးနုနှင့် အပေါင်းပါများက ဒီမိုကရေစီပါတီဖြစ်၊ မိုးသီးဇွန်၊ မင်းကိုနိုင်၊ ကိုကိုကြီးတို့အုပ်စုများက လူ့ဘောင်သစ်ဒီမိုကရေစီပါတီဖွဲ့နှင့် ပါတီပေါင်း ၂၃၅ခုအထိ ဖွဲ့စည်းခဲ့ကြသည်။ သို့တိုင်အောင် ထိုခေါင်းဆောင်ဆိုသူများက နယ်စပ်ရောက်နေသူများကို ပြန်မလာကြနဲ့ဦး၊ မင်းတို့က နယ်စပ်မှာ အရန်အင်အားအဖြစ်နဲ့ ရှိနေဖို့လိုတယ်ဆိုပြီး ထားခဲ့သေးသည်။

၁၉၈၈ခုနှစ် အဖြစ်အပျက်မှာ ဘယ်သူတွေမြတ်ပြီး ဘယ်သူတွေ ရှုံးခဲ့သလဲ။ တကယ်တော့ ထိုအချိန်တွင် လမ်းစဉ်ပါတီအစိုးရက သုံးလအတွင်း ရွေးကောက်ပွဲကျင်းပပေးရန် ကတိပေးခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ သို့သော် ဒီမိုကရေစီခေါင်းဆောင်ဆိုသူများက ဒီမိုကရေစီနည်းကျ ပြောင်းလဲရေးကို မလိုလားခဲ့ကြပါ။ ကြားဖြတ်အစိုးရဖွဲ့စည်းရေး ခေါင်းစဉ်အောက်မှ အကြမ်းဖက်မှုများ၊ ဆူပူမှုများ ပြုလုပ်ခဲ့သဖြင့် တိုင်းပြည်စီးပွားရေး ပြိုလဲခဲ့ရသည်။ ပြည်သူတွေ ဘဝမှာ ကျီးလန့်စာ စားနေခဲ့ကြရသည်။ ဦးအောင်ကြီးတို့၊ ဦးအောင်ရွှေတို့၊ ဦးတင်ဦးတို့လို ဦးနေဝင်းကို ရာဇဝင်ကြွေးဆပ်ဖို့ အကွက်စောင့်နေတဲ့ တပ်မှူးဟောင်းတွေ၊ လမ်းစဉ်ပါတီကနေ ပါတီစည်းကမ်းဖောက်ဖျက်လို့ ထုတ်ပယ်ခံထားရတဲ့ လမ်းစဉ်ပါတီပြုတ်တွေ၊ ဗကပဟောင်းတွေ၊ ဗကပယူဂျီလက်သစ်တွေအားလုံးဟာ ကိုယ့်အကြောင်းနဲ့ကိုယ် လမ်းစဉ်ပါတီကို ဖြုတ်ချဖို့ ကြိုးစားရာတွင် ပြည်သူတွေက အနင်းခံလေ့ကားထစ်များ ဖြစ်ခဲ့ကြရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

၁၉၈၈ ခုနှစ်ကပဲ ကြည့်ကြည့်၊ ယခုဖြစ်စဉ်များတွင်ပဲ ကြည့်ကြည့် ဆူပူဆန္ဒပြမှုအခြေအနေများကို ထိန်းသိမ်းနိုင်ရန်အတွက် ဥပဒေအရ အရေးယူပြီဆိုလျှင် ဆူပူမှုများဖြစ်အောင် လှုံ့ဆော်ခဲ့သူတွေ ဘယ်တော့မှမပါ။ ကုန်ကုန်ပြောရလျှင် ပြီးခဲ့သည့် စက်တင်ဘာလဖြစ်စဉ်များ၌ သေဆုံး၊ ဒဏ်ရာရခဲ့သူတွေထဲတွင်၊ အဖမ်းခံခဲ့ရသူတွေထဲတွင် ပြည်ပမီဒီယာများက တစ်ဆင့် မသိနားမလည်သည့် ပြည်သူများကို လမ်းပေါ်ထွက်ပြီး ဆန္ဒပြအောင် အာပေါင်အာရင်းသန်သန်ဖြင့် ပြောခဲ့၊ ဟောခဲ့၊ လှုံ့ဆော်ခဲ့သူတွေ တစ်ယောက်မှ မပါပါ။

ပြည်သူတွေ ရဲရင့်ကြပါ။ ပွင့်ပွင့်လင်းလင်း ဆန္ဒများကို ထုတ်ဖော်ပြသကြပါဟု တိုက်တွန်းခဲ့သော ငွေးကြွယ်တို့၊ နီလာသိန်းတို့ မပါပါ။ သတင်းစာထဲမှာတော့ သူတို့နှစ်ယောက်ကို နိုင်ငံကြီးတစ်နိုင်ငံ၏သံရုံးက အကာအကွယ် ပေးထားသည်ဟု ဆိုသည်။ ငွေးကြွယ်ကတော့ ပြည်သူကြားမှာ ရှိပါသည်ဟု ဆိုသည်။ ဘာပဲဖြစ်ဖြစ် ကြိုးဟတ်တုဖုန်းကို သုံးပြီး ပြည်ပ မီဒီယာများနှင့် အေးအေးဆေးဆေး စကားပြောနိုင်သော နေရာတွင် ရှိနေသည်ကတော့ သေချာသည်။

ပြည်တွင်းက လှုပ်ရှားနေသူများကိုလည်း သံရုံးများမှတစ်ဆင့် ငွေကြေးတွေ ထောက်ပံ့ပေးလျက် ရှိသည်။ အကယ်၍ အလှမ်းမတော်သဖြင့် အစိုးရမှ ခေါ်ယူထိန်းသိမ်းခံရလျှင်လည်း စိတ်မပူပါနှင့်၊ ပြည်ပကဆုတံဆိပ်တွေ အမျိုးမျိုးချီးမြှင့်ပြီး ထောက်ပံ့ပေးပါမည်။

ဆူပူဆန္ဒပြမှုများတွင် အဆွယ်ကောင်းသဖြင့် ပါသွားသူများ၊ ရောယောင်လိုက်ပါမိသူများ အများအပြားပါဝင်နေမည်မှာ သေချာပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာက အမြန်ဆုံးစိစစ်ပြီး ပြန်လည်စေလွှတ်ပေးနေခြင်းလည်း ဖြစ်ပါသည်။ ထိုသူများအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားသည်ကိုလည်းကောင်း၊ မိမိနိုင်ငံနှင့် မိမိမိသားစု ဖွံ့ဖြိုးတိုးတက်သည်ကိုလည်းကောင်း မြင်လိုကြသည်မှာ သေချာပါသည်။ သို့သော် ထိုလိုအင်ဆန္ဒများမှာ အာဏာကို ဖြတ်လမ်းကယူလိုသူတို့၏ အသုံးချခြင်းကို လှလှကြီး ခံခဲ့ရပြီဖြစ်ပါသည်။

12-10 (04) 1 10/12/07, 1:45 AM

ရှေ့တွင် ကျွန်တော်တို့ မိမိတို့၏ဆန္ဒသဘောထားများကို တရားဥပဒေနှင့်အညီ ပြသခွင့်ရမည့် အခွင့်အရေးတွေ၊ ကိုယ်တိုင်ပါဝင်နိုင်မည့် အခွင့်အရေးတွေ ရှိနေပါပြီ။ ဤအချိန်မျိုးမှာ ကျွန်တော်တို့ တစ်တွေက အာဏာကိုဖြတ်လမ်းနည်းဖြင့် ရယူလိုသူတွေ၏ အသုံးချခံ ဖြစ်သင့်ပါသလား။ ပြည်ပြေးတွေ ပိုက်ဆံတောင်းလို့ ကောင်းအောင်၊ ဒေါ်လာဆုကြေးတွေရအောင် ပြည်တွင်းမှာ ဆူဆူပူပူတွေ လုပ်သင့်ပါသလား။ လုပ်ရင်ကော ဘယ်သူတွေ အကျိုးရှိသွားမှာလဲ။ ၁၉၈၈ခုနှစ်က သင်ခန်းစာ မရခဲ့လျှင် ၂၀၀၇ခုနှစ်တွင် သင်ခန်းစာရသင့်ပါပြီ။

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

၂၀၀၇ ခုနှစ်တွင်လည်း ၁၉၈၈ ဇာတ်လမ်းကို အသစ်ပြန်စရန် ကြိုးစားလာခဲ့ကြပြန်သည်။ အမျိုးသားညီလာခံပြီးလျှင် ကျန်မူဝါဒလမ်းစဉ် (၇)ရပ်၏ အဆင့်များကို အရှိန်အဟုန်နှင့် ဆက်လက်အကောင်အထည်ဖော်တော့မည်။ ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူတို့၏ဆန္ဒကို ဖော်ထုတ်ခွင့်ရကြမည်။ ပြည်သူတို့က အတည်ပြုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပကြမည်ဖြစ်သည်။ ထိုအဆင့်နှစ်ခုလုံးတွင် ပြည်သူအားလုံး ပါဝင်ခွင့်ရကြမည်ဖြစ်သည်။ သို့သော် NLD အပါအဝင် ပြည်တွင်းပြည်ပရှိ အစိုးရကို ဆန့်ကျင်နေသော အဖွဲ့များက ထိုအဆင့်များအထိ အရောက်မခံနိုင်ကြ။ ၁၉၈၈ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် မျက်စိပွင့်၊ နားပွင့် ဖြစ်လာနေသော မဲဆန္ဒရှင် ပြည်သူများ၏ အဆုံးအဖြတ်ကို ရင်မဆိုင်ရဲကြ။ ထို့ကြောင့် စက်သုံးဆီဈေးနှုန်းပြောင်းလဲမှုကို အခွင့်ကောင်းယူပြီး ဆူပူဆန္ဒပြမှုတွေ ဖြစ်အောင် လုပ်ဆောင်ခဲ့ကြသည်။ ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်များနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သလို ဆောင်းပါးရှင်များကလည်း ရေးခဲ့ကြပြီးဖြစ်၍ ထပ်မပြောလိုတော့ပါ။ ပြောလိုသည်က ထိုဆူပူမှုများကို နောက်ကွယ်က ကြိုးကိုင်ခဲ့သူတွေနှင့် အသုံးချခံခဲ့ရသူများအကြောင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်ကပဲ ကြည့်ကြည့်၊ ယခုဖြစ်စဉ်များတွင်ပဲ ကြည့်ကြည့် ဆူပူဆန္ဒပြမှုအခြေအနေများကို ထိန်းသိမ်းနိုင်ရန်အတွက် ဥပဒေအရ အရေးယူပြီဆိုလျှင် ဆူပူမှုများဖြစ်အောင် လှုံ့ဆော်ခဲ့သူတွေ ဘယ်တော့မှ မပါ။ ကုန်ကုန်ပြောရလျှင် ပြီးခဲ့သည့် စက်တင်ဘာလဖြစ်စဉ်များ၌ သေဆုံး၊ ဒဏ်ရာရခဲ့သူတွေထဲတွင်၊ အဖမ်းခံခဲ့ရသူတွေထဲတွင် ပြည်ပမီဒီယာများကတစ်ဆင့် မသိနားမလည်သည့် ပြည်သူများကို လမ်းပေါ်ထွက်ပြီး ဆန္ဒပြအောင် အာပေါင်အာရင်းသန်သန်ဖြင့် ပြောခဲ့၊ ဟောခဲ့၊ လှုံ့ဆော်ခဲ့သူတွေ တစ်ယောက်မှမပါပါ။ 'ပြည်သူတွေရဲရင့်ကြပါ။ ပွင့်ပွင့်လင်းလင်း ဆန္ဒများကို ထုတ်ဖော်ပြသကြပါ'ဟု တိုက်တွန်းခဲ့သော ဒွေးကြွယ်တို့၊ နီလာသိန်းတို့ မပါပါ။ သတင်းစာထဲမှာတော့ သူတို့နှစ်ယောက်ကို နိုင်ငံကြီးတစ်နိုင်ငံ၏ သံရုံးက အကာအကွယ်ပေးထားသည်ဟု ဆိုသည်။ ဒွေးကြွယ်ကတော့ ပြည်သူကြားမှာ ရှိပါသည်ဟု ဆိုသည်။ ဘာပဲဖြစ်ဖြစ် ဂြိုဟ်တုဖုန်းကိုသုံးပြီး ပြည်ပမီဒီယာများနှင့် အေးအေးဆေးဆေး စကားပြောနိုင်သောနေရာတွင် ရှိနေသည်ကတော့ သေချာသည်။

ထို့အတူ ဖမ်းမယ်ဆိုရင် ကျွန်တော်ရှေ့ဆုံးက အဖမ်းခံပါမယ်ဟု ပြည်ပမီဒီယာများကို အသံကောင်းဟစ်ခဲ့သော မင်းသားကျော်သူလည်း မပါပါ။ သံဃာ့တပ်ပေါင်းစုအမည်ဖြင့် သံဃာတော်များကို လမ်းမှားရောက်အောင် လှုံ့ဆော်ခဲ့သည့် ဦးဂမ္ဘီရနှင့် ကျန်သုံးဦးလည်း မပါဝင်ပါ။ ဆန္ဒပြမှုများသည် ၂/၈၈ နှင့် ငြိစွန်းခြင်း မရှိကြောင်း ကြေညာချက်ထုတ်ပြီး အားပေးအားမြှောက်ပြုခဲ့သည့် NLD ခေါင်းဆောင်ကြီးများလည်း ပုံမှန်ရုံးတက်ပြီး သံရုံးများနှင့်တွေ့ဆုံ၊ ကြေညာချက်တွေ ထုတ်နေဆဲဖြစ်ပါသည်။ ပြည်ပမှ အမျိုးမျိုးလှုံ့ဆော်ပေးနေသော စိန်ဝင်း၊ သောင်းထွန်း၊ မိုးသီးဇွန်၊ ပြည်သစ်ညွန့်ဝေ၊ အောင်ဒင်၊ နေတင်မြင့်အစရှိသည့် ပြည်ပြေးများလည်း အနေအစား မပျက်ကြပါ။ ပြီးခဲ့သည့် အဖြစ်အပျက်များကို အကြောင်းပြုပြီး နောက်ထပ်ဒေါ်လာတွေ တောင်းဖို့ ရမ်းဖို့ ပြင်ဆင်နေကြပါပြီ။

၁၉၈၈ ခုနှစ်နောက်ပိုင်း၌ အစိုးရဆန့်ကျင်ရေးကို မြေပေါ်၊ မြေအောက်လှုပ်ရှားမှုများဖြင့် ကြိုးကိုင်လှုပ်ရှားသူတို့တွင် ထူးခြားသော အခွင့်အရေး တစ်ရပ်လည်း ရှိသေးသည်။ အကယ်၍ ပြည်တွင်း၌ ရပ်တည်ရန်မဖြစ်နိုင်တော့သဖြင့် နယ်စပ်သို့ပြေးနိုင်လျှင် ပြည်ပနိုင်ငံကြီးများက ဒီမိုကရေစီသူရဲကောင်းများအဖြစ် ကြိုဆိုပြီး ဒုက္ခသည်အဖြစ် နေထိုင်ခွင့်၊ ပညာသင်ကြားခွင့်တွေ စီစဉ်ပေးသည်။ နာမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတွေမှာ အလုပ်ခန့်ပေးမည်။ ဒီထက်ပိုပြီးတတ်နိုင်လျှင် နာမည်တစ်ခုနှင့် ကိုယ်ပိုင်အဖွဲ့တည်ထောင်ပြီး မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးအတွက် စီမံချက်တွေတင်ပြီး ငွေတောင်းနိုင်သေးသည်။ ဒီလိုနှင့်ပင် မိုးသီးဇွန်တို့၊ အောင်ဒင်တို့ ပြည်ပမှာ ဇိမ်တွေ့နေခြင်းဖြစ်သည်။

ပြည်တွင်းက လှုပ်ရှားနေသူများကိုလည်း သံရုံးများမှတစ်ဆင့် ငွေကြေးတွေ ထောက်ပံ့ပေးလျက်ရှိသည်။ အကယ်၍ အလုမ်းမတော်သဖြင့် အစိုးရမှ ခေါ်ယူထိန်းသိမ်းခံရလျှင်လည်း စိတ်မပူပါနှင့်၊ ပြည်ပကဆုတံဆိပ်တွေ အမျိုးမျိုးချီးမြှင့်ပြီး ထောက်ပံ့ပေးပါမည်။ မင်းကိုနိုင်တို့ ၈၈ အုပ်စု အပြင်ကို ပြန်ရောက်လာပြီး အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို စတင်ခဲ့သည့်အချိန်မှစ၍ ၎င်းတို့မိသားစုများ၏ စားသောက်နေထိုင်မှု၊ ငွေကြေးသုံးစွဲမှု ပုံစံတွေပြောင်းသွားသည်ကိုကြည့်လျှင် ဒီမိုကရေစီအမည်ခံ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ၏အရသာ ဘယ်သူတွေ ခံစားနေကြသည်ကို သိနိုင်ပါသည်။

ပြီးခဲ့သည့် ဆူပူဆန္ဒပြမှုများတွင် အဆွယ်ကောင်းသဖြင့် ပါသွားသူများ၊ ရောယောင် လိုက်ပါမိသူများ အများအပြားပါဝင်နေမည်မှာ သေချာပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာက အမြန်ဆုံးစိစစ်ပြီး ပြန်လည်စေလွှတ်ပေးနေခြင်းလည်း ဖြစ်ပါသည်။ ထိုသူများအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားသည်ကိုလည်းကောင်း၊ မိမိနိုင်ငံနှင့် မိမိမိသားစု ဖွံ့ဖြိုးတိုးတက်သည်ကိုလည်းကောင်း မြင်လိုကြသည်မှာ သေချာပါသည်။ သို့သော် ထိုလိုအင်ဆန္ဒများမှာ အာဏာကို ဖြတ်လမ်းက ယူလိုသူတို့၏ အသုံးချခြင်းကို လှလှကြီးခံခဲ့ရပြီ ဖြစ်ပါသည်။ ပြောရလျှင် NLD ပါတီမှ လူငယ်များနှင့် အောက်ခြေခေါင်းဆောင်များပင်လျှင် ထိပ်ပိုင်းခေါင်းဆောင်များ၏ အသုံးချခြင်းကို ခံလိုက်ရသည်ဟု ဆိုရပါမည်။

မကြာမီရက်များအတွင်းက နိုင်ငံတော်တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်များက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အမှန်တကယ် လိုလားသူတို့အတွက် အားတက်စရာဖြစ်ပါသည်။ အမျိုးသားညီလာခံကြီး ပြီးခဲ့ပြီ။ ကျန်အဆင့်များကို ဆက်လက်အကောင်အထည်ဖော်တော့မည်။ ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူတို့ဆန္ဒကို ဥပဒေနှင့်အညီ ပြသခွင့်ရကြမည်။ ထိုမှ တစ်ဆင့်တက်လျှင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပသည့်အခါတွင် အစိုးရကိုဆန့်ကျင်သူများပင် ပါတီဖွဲ့စည်းပြီး ပါဝင်နိုင်ရေးကို မျှော်လင့်ပါသည်ဟု ဆိုခဲ့ပေပြီ။

သို့တိုင်အောင် ပြည်ပမီဒီယာများမှတစ်ဆင့် ပြည်သူတွေကို လမ်းပေါ်ထွက်ကြရန် တိုက်တွန်းလှုံ့ဆော်မှုများ ကြားနေရဆဲဖြစ်ပါသည်။ ပြည်သူတွေ ပြန်အင်အားစုနေတာပါ။ နောက်ထပ် ဆန္ဒပြမှုတွေ လုပ်ဦးမှာပါစသည်ဖြင့် နှုတ်ကြောင်းပေး လှုံ့ဆော်နေဆဲဖြစ်သည်။ တစ်လောက ဗမာပြည်ကွန်မြူနစ်ပါတီက ထုတ်ဝေသည့် စာတမ်းတစ်စောင်တွင် **၂၁ ရာစု မျိုးဆက်သစ်များကို ရှေ့ကတင်ပြီး လှုပ်ရှားခိုင်းပါ။ မျိုးဆက်ဟောင်း (၇၄-၇၅ အုပ်စု)နှင့် မျိုးဆက်လတ်(၈၈ အုပ်စု)တို့က နောက်က နေကြပါ။ ပွဲကြီးပွဲကောင်းရောက်မှ မျိုးဆက်ဟောင်း၊ မျိုးဆက်လတ်တို့ ရှေ့ထွက်ကြပါ'**ဟု ရေးထားသည်ကို ဖတ်လိုက်ရပါသည်။ ထိုစီမံချက်က ယနေ့လူငယ်တွေကို အသုံးချရန်ဖြစ်သည်မှာ ထင်ရှားနေသည်။

စဉ်းစားကြပါ။ ရှေ့တွင် ကျွန်တော်တို့ မိမိတို့၏ ဆန္ဒသဘောထားများကို တရားဥပဒေနှင့်အညီ ပြသခွင့်ရမည့် အခွင့်အရေးတွေ၊ ကိုယ်တိုင်ပါဝင်နိုင်မည့် အခွင့်အရေးတွေ ရှိနေပါပြီ။ ဤအချိန်မျိုးမှာ ကျွန်တော်တို့ တစ်တွေက အာဏာကိုဖြတ်လမ်းနည်းဖြင့် ရယူလိုသူတွေ၏ အသုံးချခံ ဖြစ်သင့်ပါသလား။ ပြည်ပြေးတွေပိုက်ဆံတောင်းလို့ကောင်းအောင်၊ ဒေါ်လာဆုကြေးတွေရအောင် ပြည်တွင်းမှာ ဆူဆူပူပူတွေ လုပ်သင့်ပါသလား။ လုပ်ရင်ကော ဘယ်သူတွေ အကျိုးရှိသွားမှာလဲ။ ၁၉၈၈ ခုနှစ်က သင်ခန်းစာမရခဲ့လျှင် ၂၀၀၇ ခုနှစ်တွင် သင်ခန်းစာရသင့်ပါပြီ။ ဆရာတော်ကြီး မိန့်ကြားသကဲ့သို့ သူတို့နင်းတက်စရာ လှေကားထစ်အဖြစ် ခံကြမည်လား၊ ကျွန်တော်တို့ ဆုံးဖြတ်ကြရပါမည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ၃၄ လမ်း အမှတ် ၁၇၆(က/၃)နေ ဦးယိန်ထွယ်-ဒေါ်ငွေရ၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးဉာဏ်ထွန်း - ဒေါက်တာ မြင့်မြင့်စု၊ မြေး မလှဲ့ရည်ထွန်း၊ မောင်ရန်လင်းအောင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို ဒွိပိဋက ဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ရေဦး၌ ကျင်းပ

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက်က ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြို့ပေါ်ငါးရပ်ကွက်မှ အသက် ၈၀နှင့် အထက် အဘိုး၊ အဘွား ၂၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၅၀၀၀ ပူဇော်ကန်တော့ခဲ့ကြသည်။ (က-ပ)

ရှေးဦးပြုစုခြင်းနှင့် အရန်မီးသတ်သင်တန်းဆင်းပွဲ ကာမိုင်း၌ ကျင်းပ

ကာမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်းနှင့် အရန်မီးသတ်အခြေခံသင်တန်း(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ၁၇ရက် နံနက်၉နာရီက ကာမိုင်းမြို့ မြစိမ်းရောင်ခန်းမတွင်ကျင်းပရာ အုပ်ချုပ်ရေးမှူးဦးလှမျိုးထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်တပ်ကုန်း အထက(၁)ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီက ရောဝတီဆောင်တွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးမြင့်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆွေတို့က အမှာစကား ပြောကြားကြပြီး လေးဘာသာ ဂုဏ်ထူးရှင်များနှင့်ကျောင်းတွင်းအတန်းလိုက်ထူးချွန်ဆုရသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြသည်။ (၂၆၆)

ဖခင်ကြီး ဦးချစ်လှိုင် ခြောက်နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်မြင့်မြင့်ကြိုင် တစ်နှစ်ပြည့်တို့အား ရည်စူး၍ အမှတ်-၇၄(၃/က) လှည်းတန်းလမ်းမ ကမာရွတ်မြို့နယ်နေ သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

အမျိုးသားညီလာခံကြီးကချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ပြည်သူလူထုအကျိုးစီးပွားကို ရေရှည်မျှော်မှန်းပြီး ရေးဆွဲထားသည်ကိုတွေ့ရ

● ရှေ့ဖုံးမှ

နေရာယူ

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှ စတင်၍ စစ်ကြောင်းမှူး ဦးတင်ဦး ဦးဆောင်သော စစ်တောင်းစစ်ကြောင်းသည် မော်လမြိုင်မြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းအနီး စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ရဲသူရိန်ဦးအောင်ဝင်းစိန် ဦးဆောင်သော သံလွင်စစ်ကြောင်းသည် မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူးဦးလှထွန်း ဦးဆောင်သော အတ္တရံစစ်ကြောင်းသည် မော်လမြိုင်မြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းရှေ့ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူးဦးနိုင်အောင် ဦးဆောင်သော ဂျိုင်းစစ်ကြောင်းသည် အတ္တရံဟိုတယ်ရှေ့ စုရပ်မှလည်းကောင်း စုစုပေါင်း ပြည်သူလူထုအင်အား တစ်သိန်းကျော်တို့သည် အခမ်းအနားကျင်းပမည့် ရာမညအားကစားကွင်းသို့ စနစ်တကျချီတက်ကြပြီး သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မွန်ပြည်နယ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးဆွေကြည်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်(အငြိမ်းစား)၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ရွှေဆိုင်လုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်း၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ဝင် ဦးသန်းထွန်း၊ မြို့မိ မြို့ဖပြည်နယ်ပညာရေးမှူး ဦးအောင်မြို့(အငြိမ်းစား)နှင့် သထုံမြို့နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်အောင်ငြိမ်းတို့က ဆောင်ရွက်ကြသည်။ အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်စောမြတ်သန္တာက တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ အခမ်းအနားစတင်ကျင်းပကြောင်းကြေညာကာ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလွင်မိုး ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အသက်သွေးကြော

ထို့နောက် သဘာပတိ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခု ထာဝရ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာရေးအတွက် အဓိကပင်မသော့ချက်မှာ ယင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏မရှိမဖြစ်သော အသက်သွေးကြောဖြစ်ကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးသည် နိုင်ငံတော်အတွက် အလွန်မှပင်အဓိကကျခြင်းကြောင့် ယနေ့နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အတွေ့အကြုံရင့်ကျက်

ယခု နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် အဓိကလိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်စေရန် အမျိုးသားညီလာခံကို စနစ်တကျ ကျင်းပဆောင်ရွက်စေခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဦးတည်ချက်(၆)ရပ်ချမှတ်ပြီး အလွှာပေါင်းစုံ၊ အဖွဲ့ပေါင်းစုံတို့မှ ကိုယ်စားလှယ် ၁၀၀၀ ကျော် ပါဝင်တက်ရောက်ဆွေးနွေးစေခဲ့ကြောင်း၊ ယင်းကိုယ်စားလှယ်များတွင် ပါရဂူဘွဲ့ ၁၆ ဦး၊ မဟာဘွဲ့ ၅၅ ဦး၊ ဘွဲ့ရ ၅၉၇ ဦး၊ ဒီပလိုမာ ၂၂ ဦးအပြင် အတွေ့အကြုံရင့်ကျက်သူများ ပါဝင်ကြကြောင်း။

အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ၊ စီးပွားရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုရ၊ နိုင်ငံခြားရေးရာနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု၊ ထူးခြားသည့်အခြေခံမူများညှိနှိုင်းဆွေးနွေး အပြီးသတ်ချမှတ်နိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း၊ ယင်းညီလာခံကြီးသို့ မွန်ပြည်နယ်မှ တိုင်းရင်းသားကိုယ်စားလှယ် ၄၇ ဦး တက်ရောက်ခဲ့ကြောင်း။

တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စပြုနေသည့် မိမိတို့နိုင်ငံတွင် နယ်ချဲ့ကိုလိုနီလက်သစ်နှင့် ပြည်တွင်းပြည်ပအဖျက်သမား လူနည်းစုတို့က သံဃာတော်အတွင်း သွေးထိုးလှုံ့ဆော်မှုကြောင့် အချို့နေရာများတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

ယင်းတို့ကိုလည်း နိုင်ငံတော်အစိုးရက စနစ်တကျ အဆင့်ဆင့်ကိုင်တွယ် ဖြေရှင်းခဲ့ခြင်းကြောင့် ယနေ့အခြေအနေကောင်းများကို ပြန်လည်ရရှိနေပြီး ဖြစ်ကြောင်း။

စိုးရိမ်ပူပင်ကြောင့်ကြ

မိမိတို့ ပြည်သူအားလုံး၏ ဆန္ဒမှန်သဘောထားသည် "တည်ငြိမ်မှုကို လိုလားကြောင်း"၊ "အေးချမ်းမှုကို လိုလားကြောင်း"၊ "ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း"၊ နယ်ချဲ့လက်သစ်ပယောဂနှင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများကြောင့် တိုင်းပြည်၏ အေးချမ်းတည်ငြိမ်မှုနှင့် စီးပွားရေးပျက်ပြားမည့်အရေး၊ ဘာသာ၊ သာသနာ ညှိုးမှိန်မည့်အရေးများကို စိုးရိမ်ပူပင်ကြောင့်ကြနေကြကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ် ပြည်သူလူထုတစ်ရပ်လုံးက ယင်းဆန္ဒပြမှုများကို လုံးဝဆန့်ကျင်ရှုတ်ချကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆိုသည့် ရည်မှန်းချက်ပန်းတိုင်မှာ လက်တစ်ကမ်းတွင် ရောက်၍နေပြီဖြစ်ကြောင်း။

"ပြည်သူလူထုလက်ဝယ် ရောက်ရှိလာရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက် မိမိတို့ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှတ်ကြပါ။ အမျိုး ဘာသာ၊ သာသနာနှင့် လွတ်လပ်ရေးကို ချစ်မြတ်နိုးလျှင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား မွန်ပြည်နယ်သားအားလုံးက လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုကြပါဟု တိုက်တွန်းပြောကြားသည်။

တညီတညွတ်တည်း

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မော်လမြိုင်နည်းပညာတက္ကသိုလ်မှ ဒေါက်တာစန်းလှိုင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ဖတ်ကြားတင်သွင်းရာတွင် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးစီးခဲ့ပြီး ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက အနာဂတ်မြန်မာနိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အသေးစိတ်အခြေခံမူများကို ကိုယ်စားလှယ်တော်ကြီးများက တညီတညွတ်တည်း သဘောတူချမှတ်ခဲ့ပြီး ဖြစ်ကြောင်း။

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်စောမြတ်သန္တာတို့ ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

မိမိတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပြီး **စာမျက်နှာ ၇ ကော်လံ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတစ်ခု ထာဝရရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာရေး ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိမဖြစ် အသက်သွေးကြောဖြစ်

စာမျက်နှာ ၆ မှ

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်နှင့် ကျင်းပပြီးစီးဆောင်ရွက်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ပြီး ဖြစ်သည့်အတွက် အခြေခံဥပဒေရေးဆွဲခြင်းကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ယင်းအခြေခံဥပဒေတွင် အချုပ်အခြာအာဏာကို မည်သူများက မည်ကဲ့သို့ ကိုင်တွယ်ကျင့်သုံးကြမည်၊ နိုင်ငံရေးစနစ်က မည်ကဲ့သို့ ၊ စီးပွားရေးစနစ်က မည်ကဲ့သို့၊ နိုင်ငံရေးပါတီများကို မည်ကဲ့သို့ တည်ထောင်ရပ်တည်ကြမည် စသည်ဖြင့် ရေးသားဖော်ပြ ပြဋ္ဌာန်းထားမှာ ဖြစ်သည့်အတွက် အခြေခံဥပဒေသည် **မိမိတို့နိုင်ငံ၏ ကြေးမုံ**ဖြစ်ကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြည်နယ်(၄)ခု သတ်မှတ်ထားရှိခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြည်နယ်(၇)ခု၊ တိုင်း(၇)ခု သတ်မှတ်ထားရှိခဲ့ကြောင်း။

ပြည်ထောင်စုနယ်မြေ

ယနေ့ အမျိုးသားညီလာခံက ချမှတ်လိုက်သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံမူများတွင် ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး (၇)ခုအပြင် ‘ဝ’ တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ နာဂ၊ဓနု၊ပအိုဝ်း၊ ပလောင်၊ ကိုးကန့်တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခု သတ်မှတ်ထားပြီး ပြည်ထောင်စု နယ်မြေ(၁)ခု သတ်မှတ်ထားကြောင်း။

ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် **ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ခွင့်အာဏာ၊ တရားစီရင်ရေးအာဏာကို ခွဲဝေရရှိ**ကြမည်ဖြစ်ခြင်းကြောင့် ယခင်အခြေခံမူများက မပေးထားသည့် အခွင့်အရေးနှင့် အာဏာကိုပေးအပ်ထားကြောင်း သိသာထင်ရှားလှကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဝင် မော်လမြိုင် နည်းပညာတက္ကသိုလ်မှ ဒေါက်တာစန်းလှိုင်ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မိမိတို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် ညီညီမျှမျှ အခွင့်အရေးများ ရရှိခံစားကြရမှာဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည့် **အမျိုးသားညီလာခံကြီး**ကို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကြီးက ချမှတ်ပေးလိုက်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများနှင့်အညီ ဖြစ်ပေါ်လာမည့် **ဖွဲ့စည်းပုံအခြေခံဥပဒေအား မွန်ပြည်နယ်ပြည်သူလူထုအားလုံးရဲ့ကိုယ်စား လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုပါကြောင်း**ဖြင့် အဆိုတင်သွင်းသွားသည်။

အစဉ်တစိုက်ကြိုးပမ်း

ယင်းနောက် မွန်ပြည်နယ် မော်လမြိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ထားထားရွှေက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးရင်း တိုင်းရင်းသားပြည်သူများ လိုလားတောင့်တလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်အတွက် အဆင့်ခုနစ်ဆင့်ပါဝင်သည့် **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်**ကို ချမှတ်ပေးခဲ့ကြောင်း။

သင်ခန်းစာရယူ

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဖွဲ့စည်းပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်စေခဲ့ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံရမည့် **အခြေခံမူကြီးများ**ကို ရရှိဆုံးဖြတ်ပေးနိုင်ရန်အတွက် ကိုယ်စားလှယ်တော်ကြီးများ တက်ရောက်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေကို နေ့ချင်းညချင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ သဘောထားမျိုးဖြင့် ရေးဆွဲလို့မရကြောင်း၊ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်မယူဘဲ ပေါ့ပေါ့တန်တန်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်စလို အမြန်အကောင်အထည်ဖော်ရေးဆွဲမိမည်ဆိုလျှင် ၁၉၄၇ ခုနှစ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့ အမှားအယွင်းများ၊ လက်ရှိဘဝနဲ့ မကိုက်ညီမှုများ၊ သဘောမတူဆန္ဒမပါဘဲ လက်ခံလိုက်ရသည့် အခြေအနေမျိုးဖြစ်ပေါ်၍ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်များကို သင်ခန်းစာရယူကြရမှာ ဖြစ်ကြောင်း။**

ယခုဆိုလျှင် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းညီလာခံကြီးက ချမှတ်ခဲ့သည့်အခြေခံမူများထဲတွင် အမျိုးသမီးကဏ္ဍနှင့် ပတ်သက်ပြီး ဖော်ပြထားရာ၌-

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ထားထားရွှေ ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

- **အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။**
- **မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။**
- **နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်**

စသည်တို့ ပါဝင်ပါတယ်။

အလုပ်အကျွေးပြု

မိမိတို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူရည်တူ အလုပ်လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို အခုရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိခံစားနိုင်သကဲ့သို့ နိုင်ငံတော်အတွက် အမျိုးသမီးများ၏ မြင့်မားသည့်စွမ်းဆောင်ချက်၊ ထက်မြက်သည့်အင်အားများဖြင့် စုစည်းညီညွတ်စွာ လက်တွဲကာ အလုပ်အကျွေးပြုကြရမည့် အခွင့်အရေးများရခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ မိမိအနေဖြင့် အမျိုးသမီးထုကြီးကိုယ်စား တိုက်တွန်းလိုက်ရပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အနာဂတ်နိုင်ငံတော်ကြီးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို မွေးဖွားပေးပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးနှင့်အတူ မိမိတို့လိုလားတောင့်တနေသည့် **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး**အတွက် **အနှစ်သာရရှိသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့သည့်** အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပြည်သူအားလုံးကိုယ်စား မြန်မာအမျိုးသမီးထုအနေဖြင့် လေးလေးနက်နက် ဂုဏ်ပြုကြိုဆိုထောက်ခံပါကြောင်း**ဖြင့် ထောက်ခံဆွေးနွေးသွားသည်။

စောင့်ရှောက်ပျိုးထောင်

ဆက်လက်၍ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်လေးမိုးသူက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တွင် အသင်းဝင်အင်အား ၂၆၄၂၇၉ ဦးကျော်ရှိကြောင်း၊ **မိမိတို့အသင်းသည် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနေသည့် မိခင်များ၊ အနာဂတ်နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြမည့် နိုင်ငံ၏အညွန့်အဖူးငယ်လေးများကို စောင့်ရှောက်ပျိုးထောင်ပေးနေသည့် အသင်းကြီးဖြစ်ကြောင်း။**

ခက်ခက်ခဲခဲဖြင့် အချိန်ယူပြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အဓိကအကျဆုံးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မွန်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဝင် ဒေါ် လေး မိုး သူ ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

စဉ်ဆက်မပြတ်

မိမိတို့ အနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံထူထောင်ရေး ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးတို့ကို ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မူလတန်းပညာကို အခမဲ့သင်ခွင့်နှင့် အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိရေး၊ အမျိုးသားပညာရည် မြင့်မားရေး၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

မိမိတို့ မွန်ပြည်နယ်အတွင်းမှာပင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ပေးခဲ့၍ တက္ကသိုလ်ကြီးသုံးခု ရှိခဲ့ပြီး ဖြစ်ကြောင်း၊ အလားတူ အခြားတက္ကသိုလ် ကောလိပ်များကိုလည်း သင်ကြားမှုအဆင့်မြင့်မားရေး ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အထက်တန်းအဆင့် ပညာသင်ကြားရေးမှာလည်း ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများအပြင် ခေတ်မီပညာရေးနည်းစနစ်များဖြင့် သင်ကြားမှု အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အနာဂတ်လူငယ်များ

အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြမယ့် ယနေ့ တက်သစ်စလူငယ်များနှင့် ပတ်သက်ပြီး ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာနှင့် စပ်လျဉ်း၍ အခြေခံမူများ ချမှတ်ထားရာတွင်-

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး တိုးတက်ရေးတို့အတွက် အလေးထား ဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်။**
- **နိုင်ငံတော်သည် ဘက်စုံအယူအဆ အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်မည်**

စသည်တို့ ပါဝင်ကြောင်း၊ ယခုကဲ့သို့ အခြေခံရမည့်မူများ ချမှတ်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံတော်ကြီးကိုတည်ဆောက်မည့် အနာဂတ်လူငယ်များ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးမှာ ပြုစုပျိုးထောင်မှုကို ဖော်ညွှန်းထားသည်ကို တွေ့ရှိရသည့်အတွက် မိဘတစ်ဦးအနေဖြင့် များစွာကြည်နူးပီတိဖြစ်ရပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးခဲ့ခြင်းသည် အလွန်ပြည့်စုံပြီး မိခင်နှင့်

စာမျက်နှာ ၈ ကော်လံ ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။

(သတင်းစဉ်)

12-10 (07) 1 10/12/07, 1:45 AM

မိမိတို့အဖွဲ့သည် နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ ထာဝရနေထိုင်ကာ အေးချမ်းစွာ စိုက်ပျိုးမွေးမြူ စီးပွားရှာပြီး မွန်မြတ်သော အသက်မွေးမှုများဖြင့် စည်းစည်းလုံးလုံး နေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့် လက်တွဲပြီး ဒို့တာဝန်အရေး(၃)ပါးကို အဓိကထား ကာကွယ်စောင့်ရှောက်သွားမည်ဟု သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်။

စာမျက်နှာ ၇ မှ

ကလေးများဘဝ လုံးဝအာမခံချက်ရှိသည့်အတွက် မိမိတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စား၊ ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် ထောက်ခံကြိုဆိုပါကြောင်းကို ထောက်ခံဆွေးနွေးသည်။

ထို့နောက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင် ဦးထွန်းအေးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မရှိလျှင် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မဆောင်ရွက်နိုင်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲ

နိုင်ငံတော်၏ ကောင်းမြတ်သည့် ကံကြမ္မာကိုဖန်တီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်သကဲ့သို့ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ရေရှည်သဖြင့် တည်တံ့ခိုင်မြဲဖို့ လိုအပ်ပါကြောင်း။

ဆန္ဒပြ ဆူပူမှုများကို ကန့်ကွက်ရှုတ်ချပြီး အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ထောက်ခံ ကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့ ပေါင်သရော အထူးဒေသမှ အတွင်းရေးမှူး ဦးမန်းအောင်တင်မြင့် ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

မိမိတို့သည် အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အရှိန်ပြင်းပြင်းဖြင့် ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်နေကြကြောင်း၊ မွန်ပြည်နယ်တွင် ယခင်က ပေ ၁၈၀ အထက် တံတားကြီးကိုးစင်းရှိရာမှ ယခု ၁၂ စင်းရှိလာပြီး ပေ ၁၈၀ အောက်တံတား ၁၃၈၆ စင်းရှိရာမှ ယခု ၁၄၂၃ စင်းရှိလာပြီဖြစ်ကြောင်း၊ ယခင်က ဆည်မြောင်းတာတမံကြီး ၇၆ ခုရှိရာမှ ယခု ၈၅ ခုရှိလာပြီဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ဒေသ လုပ်ငန်းစဉ်အပါအဝင် ခေတ်မီပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရမှာဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအတွက် သံလွင်တံတား(မော်လမြိုင်)၊ ဂျိုင်း(ဇာသပြင်)တံတား၊ အတ္ထရံတံတား၊ ရေးချောင်းတံတား၊ စစ်တောင်းတံတားသစ်အပြင်၊ နေပြည်တော်–မော်လမြိုင်တိုက်ရိုက်ရထား၊ မော်လမြိုင်နှင့် နေပြည်တော်သွား ကားလမ်းသစ်ကြီးများ၏ အကျိုးကျေးဇူးကြောင့် နိုင်ငံအထက်ပိုင်းမှ တနင်္သာရီတိုင်းအထိကားလမ်း၊ ရထားလမ်းများဖြင့် သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည်နှင့်အမျှ စီးပွားရေးအခွင့်အလမ်းများ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတွင်း စီးပွားရေးအခွင့်အလမ်း ရရှိလာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးစွမ်းအားသည်လည်း မြင့်တက်လာစေမည်ဖြစ်ကြောင်း။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံမူများထဲတွင် စီးပွားရေးနှင့်စပ်လျဉ်းပြီး အခြေခံမူ(၆)ချက် ချမှတ်ထားရာမှာ **နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု စသည်တို့ဖြစ်ကြောင်း။**

ရေရှည်မျှော်မှန်း

ထို့ကြောင့် နိုင်ငံတော်၏စီးပွားရေးကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးခုစလုံးအတွက် **ပြည်သူလူထုအကျိုးစီးပွား** ရေရှည်မျှော်မှန်းပြီး ရေးဆွဲထားခြင်းကြောင့် လက်ဝါးကြီးအုပ်မှုအား **တားဆီးထားပြီး** ပြည်သူများ၏ စီးပွားရေး လွတ်လပ်ခွင့်များကို တရားသဖြင့် ပေးအပ်ထားသည်ကို တွေ့ရှိရကြောင်း။

ယင်းအခြေခံမူများသည် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဆိုသည့် စီးပွားရေးဦးတည်ချက်၏ အနှစ်သာရကိုလည်း ပေါ်လွင်စေပြီး နိုင်ငံသားများ၏ အခြေခံအကျိုးစီးပွားကို လက်တွေ့ဖော်ဆောင်ပေးသည့် အခြေခံမူဖြစ်ကြောင်း။

လက်တွဲညီညီ

ထို့ကြောင့် စည်းလုံးညီညွတ်စွာ လက်တွဲညီညီ ဆောင်ရွက်လို့ အောင်မြင်ပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးကို မိမိတို့ တိုင်းရင်းသားလုပ်ငန်းရှင်များက ပြည်သူလူထုကိုယ်စား ထောက်ခံပါကြောင်းနှင့် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် လေးလေးနက်နက် ထောက်ခံကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မော်လမြိုင်မြို့နယ်မှ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းအေး ထောက်ခံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ပေါင်သရောအထူးဒေသမှ အတွင်းရေးမှူး ဦးမန်းအောင်တင်မြင့်က ဆူပူမှုများကို ကန့်ကွက်ရှုတ်ချပြီး အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် အဆိုရှင် တင်သွင်းသွားသည့် **အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုကို** ထပ်ဆင့်ထောက်ခံတင်ပြသွားမည်ဖြစ်ကြောင်း။

အိုးမဲ့သုတ် ရန်ဖြစ်ခိုင်း

မိမိတို့အဖွဲ့သည် KNU တပ်မဟာ (၆)လက်အောက်က ဦးစောသမူဟဲ ဦးစီးသည့် အဓိကလက်နက်ကိုင်တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း၊ ကရင်လူမျိုး လွတ်မြောက်ရေးဟု ပြောဆိုပြီးစည်းရုံးခဲ့၍ မသိနားမလည်ခဲ့သော ဘဝတွင် နှစ်ပေါင်းကြာရှည် လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ကြောင်း၊ တကယ်တော့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အိုးမဲ့သုတ်ပြီး ရန်ဖြစ်ခိုင်းသကဲ့သို့ အချင်းချင်းတိုက်ခိုက်ခဲ့ကြခြင်းကြောင့် ပြည်သူလူထုသည် မြေစာပင်ဖြစ်ပြီး သေကျေခဲ့ရ၊ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရ၊ မိမိတို့နှင့်အစိုးရဘက်ကပါ ထိခိုက်သေဆုံး ဒဏ်ရာရခဲ့ရပြီး အေးချမ်းသောဘဝ ဆုံးရှုံးခဲ့ကြရကြောင်း။

ယင်းတို့ကို သိမြင်လာသည့်အခါ ၁၉၉၇ ခုနှစ်တွင် ဦးစောသမူဟဲ ဦးစီးသော ပေါင်သရောလက်နက်ကိုင်အဖွဲ့ကြီးသည် KNU သောင်းကျန်းသူအဖွဲ့မှ နေ၍ လုံးဝခွဲထွက်ပြီး ကျိုက်ဒုံဒေသစစ်မြေပြင်တွင် တပ်မတော်သို့ အပြီးအပိုင် လက်နက်လွှဲအပ်ကာ ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြကြောင်း၊ မိမိတို့သည် လွတ်လပ်မှု၊ အေးချမ်းတည်ငြိမ်မှုတွင် ဖွံ့ဖြိုးတိုးတက်သည့်ဘဝကိုသာ လိုလားကြကြောင်း၊ သို့သော်လည်း နယ်ချဲ့၏ကျေးကျွန်သောင်းကျန်းသူများကြောင့် ဦးစောသမူဟဲ၏ မိသားစုအပါအဝင် တပ်ဖွဲ့ဝင်များသည် ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်း ထပ်မံခံခဲ့ရသည့် ရင်နာစရာအဖြစ်ဆိုးများ ကြုံတွေ့ခဲ့ရကြောင်း။

သန္နိဋ္ဌာန်ချမှတ်ထား

မိမိတို့အဖွဲ့သည် နိုင်ငံတော်၏ဦးဆောင်မှုအောက်မှာ ထာဝရနေထိုင်ကာ အေးချမ်းစွာ စိုက်ပျိုးမွေးမြူ စီးပွားရှာပြီး မွန်မြတ်သောအသက်မွေးမှုများဖြင့် စည်းစည်းလုံးလုံး နေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့် လက်တွဲပြီး ဒို့တာဝန်အရေး(၃)ပါးကို အဓိကထား ကာကွယ်စောင့်ရှောက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ကြောင်း။

နိုင်ငံတော်၏ စေတနာနှင့် မိမိတို့အဖွဲ့သည် အမျိုးသားညီလာခံကြီးတွင် ပါဝင်တက်ရောက်ခွင့်ရခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုသားချင်း ချစ်ချစ်ခင်ခင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြ၍ ယခုဆိုလျှင် **အမျိုးသားညီလာခံကြီး** အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းက ဆန္ဒပြလှုပ်ရှားဆူပူမှုများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပြီး အမျိုးသား ညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မွန်ပြည်နယ် စစ်မှုထမ်းဟောင်း အဖွဲ့မှ ဦး ထက် နေ ဟိန်း ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

အတင်းအကျပ် တွန်းအားပေး

ပြည်ထောင်စု တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ နေထိုင်ကြသည့် အေးချမ်းတည်ငြိမ်နေသော နိုင်ငံတော်ကြီးကို ပျက်စီးပြိုကွဲအောင် နယ်ချဲ့လက်သစ်နှင့် လက်ပါးစေများသည် ယခင်ကလည်းနည်းမျိုးစုံဖြင့် အနှောင့်အယှက် အဟန့်အတားလုပ်ခဲ့ကြသကဲ့သို့ ယခုလည်း လုပ်နေကြဆဲပင်ဖြစ်ကြောင်း၊ ယင်းကို လတ်တလောဖြစ်စဉ်များက သက်သေသာဓကေ ပြလျက်ရှိပါကြောင်း။ အဲ့ဒါအပြင် မဟုတ်မဟတ်လုပ်ဇာတ်ခင်းပြီး လိမ်ညာဝါဒဖြန့်နေသည့် **BBC, VOA, RFA နဲ့ DVB တို့သည်** မိမိတို့နိုင်ငံကို ဖရိုဖရဲပျက်စီးပြိုကွဲအောင် အတင်းအကျပ် တွန်းအားပေးဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့ အမျိုးသားညီလာခံတက်ရောက်နေစဉ် ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ လာရောက်လည်ပတ်လေ့လာခဲ့စဉ် သတင်းစာဆရာများက မိမိတို့နှင့် အမေးအဖြေလုပ်ခဲ့ကြောင်း၊ ထိုအချိန်ကတည်းက အမျိုးသားညီလာခံဟာ မြန်မာတစ်မျိုးသားလုံးအတွက် အစစ်အမှန်ညီလာခံဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကုလသမဂ္ဂကိုယ်စားလှယ်တော်ကြီးအနေဖြင့်လည်း အမျိုးသားညီလာခံကြီး စည်းစည်းရုံးရုံးနှင့် တက်တက်ကြွကြွ ညှိနှိုင်းဆွေးနွေး တိုင်ပင်နေကြသည့် မြင်ကွင်းကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအောင်မြင်စွာပြီးဆုံး၍ မကြာသေးခင်ရက်ပိုင်းအတွင်း သံဃာတော်အချို့ အမှောင့်ပယောဂကြောင့် လှည့်လည်ဆန္ဒပြနေသည့်အချိန်ကိုက် မစ္စတာ ဂမ်ဘာရီ ထပ်မံရောက်ရှိလာသောအချိန်တွင်လည်း နိုင်ငံတွင်းဖြစ်တည်နေသော အခြေအနေမှန်ကိုသိအောင် အကြီးအကဲများ လက်ခံတွေ့ဆုံခွင့်ပေးခြင်း၊ တွေ့လိုသူများကိုလည်း တွေ့ဆုံခွင့်ပေးခြင်း၊ သွားလိုသည့် နေရာဒေသများကိုလည်း သွားရောက်လေ့လာ ကြည့်ရှုခွင့်ပေးခြင်းတို့ကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကို မိမိတို့ ကြားသိခဲ့ရကြောင်း၊

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။
(သတင်းစဉ်)

သို့သော်လည်း ပြည်ပအသံလွှင့်ဌာနများသည် ယခင်ထုတ်လွှင့်နေကျအချိန်ထက် တိုးချဲ့ထုတ်လွှင့်ပြီး အသံစွာစွာနဲ့ ထပ်မံပြီး ပြင်းပြင်းထန်ထန်လှုံ့ဆော် ဆောင်ရွက်နေကြသည်မှာ မည်သည့်သဘောဖြစ်သည်ကို ယခင်ကလည်း မိမိတို့ ပြောခဲ့ပြီးဖြစ်ကြောင်း၊ ယခုလည်း ထပ်ပြောဦးမည်ဖြစ်ကြောင်း၊ အဖြစ်မှန်ကို မည်သည့်တစ်ခုမှ မည်မည်ရရမသိဘဲ မိမိတို့နိုင်ငံ ပျက်စီးအောင်၊ မတည်မငြိမ်ဖြစ်ပြီး သွေးချောင်းစီးအောင် မဟုတ်တမ်းတရမ်းလုပ်နေသည်ကို ရပ်တန်းက ရပ်ပါတော့ဟု မိမိတို့ ယင်းကဲ့သို့ပင် ပြောချင်ကြောင်း။

ကန့်ကွက်ရှုတ်ချ

ပြည်သူများ၏ သဘောထားဆန္ဒအမှန်သည် အေးချမ်းမှုကိုလိုလားပြီး၊ တည်ငြိမ်မှုကိုလိုလားတယ်၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊ ထို့ကြောင့် ခဲမှန်ဖူးသည့်စာသူငယ်ကဲ့သို့ မိမိတို့ထပ်ခါထပ်ခါ မခံစားချင်ကြတော့ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ကိုယ်စား ဤဆူပူဆန္ဒပြလုပ်ဆောင်မှုများကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်ညီလက်ညီ တည်ဆောက်ကြပါစို့၊ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးကိုထောက်ခံပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့ ဟောင်သရော အထူးဒေသအဖွဲ့နှင့်အတူ မွန်ပြည်နယ်လူထုတစ်ရပ်လုံးပါဝင်ပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါစို့ဟု ထောက်ခံဆွေးနွေးသည်။

တစ်ခဲနက် ကြွေးကြော်

မွန်ပြည်နယ် မော်လမြိုင်မြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

ယင်းနောက် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးထက်နေဟိန်းက ပြီးခဲ့သည့်ရက်ပိုင်းက ဆန္ဒပြလှုပ်ရှားဆူပူမှုများကို ပြင်းပြင်းထန်ထန်ကန့်ကွက် ရှုတ်ချပြီး အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းဆောင်ရွက်ရာတွင် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျကြောင်း။

ယခုဆိုလျှင် လက်နက်ကိုင် **အဖွဲ့အစည်း(၁၇)ဖွဲ့သည်** နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို စည်းစည်းလုံးလုံး ဆောင်ရွက်ခဲ့ကြ၍ အေးချမ်းဖွံ့ဖြိုးမှုအသီးအပွင့်များ ရရှိခံစားနေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ဦးထိပ်ပန်ဆင်ထမ်းရွက်

မိမိတို့ စစ်မှုထမ်းဟောင်းများသည် တပ်မတော်မှ အငြိမ်းစားယူလာခဲ့သော်လည်း နိုင်ငံတော်နှင့် ပတ်သက်သည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင် ထမ်းရွက်နေရမည်ဖြစ်သကဲ့သို့ အမျိုးသားရေးတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားမှာဖြစ်ကြောင်း။

လတ်တလောဖြစ်ခဲ့သည့် **ဆန္ဒပြမှုများကိုကြည့်လျှင်** နယ်ချဲ့လက်သစ်နှင့် ပြည်တွင်းသစ္စာဖောက်များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်သည်ဆိုသည်ကို သဘာပတိအဖွင့်တွင် ပါပြီးဖြစ်ကြောင်း၊ ဤကဲ့သို့သော အရေးအခင်းမျိုးကို ပြည်သူရော မိမိတို့ပါ မလိုလားကြောင်း၊ ဤကဲ့သို့ ဖြစ်လာလျှင်လည်း ပြတ်ပြတ်သားသား ပြည်သူ့ဘက်မှ ရပ်တည်ပြီး တိုက်ဖျက်ချေမှုန်းသွားမည် ဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

မိမိတို့ တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါတွင်မှ မျက်ကွယ်ပြုမည်မဟုတ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားသည့် တိုင်းရင်းသားပြည်သူများနှင့် သေအတူရှင်မကွဲ ခိုင်ခိုင်မြဲမြဲ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အပြည့်အဝ အောင်မြင်အောင် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက သမိုင်းအစဉ်အလာကြီးမားခဲ့သော တပ်မတော်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး **အခြေခံမူ (၆)ရပ်ကို ချမှတ်ထားရာတွင်–**

- **တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။**
- **တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်**

စသည်တို့ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ထို့ကြောင့် ပြည်သူထဲက ပေါက်ဖွားလာသည့် တပ်မတော်အနေဖြင့် အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လုံးဝတာဝန်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားနိုင်ငံရေး လမ်းကြောင်း ယိမ်းယိုင်မှုမရှိအောင်နှင့် အမျိုးသားအကျိုးစီးပွား မထိပါးစေရန် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ကိုလည်း ဦးလည်မသုန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း။

ထောက်ခံဆွေးနွေး

မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့်လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်ခဲ့ကြကြောင်း၊ တပ်မတော်မှ အငြိမ်းစားယူပြီးနောက်လည်း နိုင်ငံတော်၏အရေးကို အသက်ပေးကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိနေကြောင်း၊ မိမိတို့သည် ပြည်သူထဲကပေါက်ဖွားလာပြီး ပြည်သူအတွင်းမှာနေကြကြောင်း၊ **ထို့ကြောင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရန်နှင့် ယင်းဥပဒေကို မွေးဖွားပေးသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်ကို လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် ထောက်ခံကြိုဆိုပါကြောင်း**ဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် သဘာပတိက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ပြည်သူလူထုကြီး၏ ဆန္ဒ သဘောထားကိုရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈ နာရီတွင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးညဏ်ဝင်း စပိန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီဂဲ(လ်)၊ အင်ဂျဲ(လ်)၊ မိုရာတီနော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆွမ်းပဒေသာပင် လှူဒါန်း

တေဇ(၂၃)မှ ကျောင်းဆင်းသူငယ်ချင်းများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆွမ်းတစ်နေ့စာ အလှူငွေနှင့် ထာဝရဆေး၊ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀၆၅၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၂–၁၀–၂၀၀၇ရက်(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ English for Everyday Use.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ ဆောင်းပါးရှင်ဇော်မျိုးဇော်၏ **“ကိုယ့်တာဝန်ကိုယ်ကျေရမယ်”**
၁၆:၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
၁၇:၄၀ ၈။ **၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)**
၁၇:၅၀ ၉။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(သေနတ်ပစ်)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင် ရွှေညာဏ်ရှင်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး တတိယချစ်ပုံပြင်”**(အပိုင်း–၁၀)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်စိတ်ကူးလေး တဝဲလည်လည်”**(အပိုင်း–၂၄)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁၀–၂၀၀၇ (သောကြာနေ့)

AM & PM

၇:၀၀ – ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅ ‘ငရဲမီးငြိမ်း၊ ငရဲအိုးသိမ်း’ တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈:၁၀ – ၂:၁၀ မြသိတင်နှင့် တပြင်မခြားရွှေယွန်းနားဝယ်
၈:၂၅ – ၂:၂၅ တေးဂီတအစီအစဉ်
၈:၃၀ – ၂:၃၀ Myanmar Video Rhythm
၉:၀၀ – ၃:၀၀ လောကနန္ဒာစွယ်တော်မြတ်စေတီတော်
၉:၀၅ – ၃:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ – ၃:၁၅ တေးဂီတအစီအစဉ်
၉:၂၀ – ၃:၂၀ ယနေ့ သိပ္ပံနှင့်နည်းပညာ
၉:၃၀ – ၃:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅ – ၃:၃၅ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်အေး)
၁၀:၀၅ – ၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ – ၄:၁၀ မိုးလေဝသခန့်မှန်းချက်
၁၀:၁၅ – ၄:၁၅ မြန်မာ့ရိုးရာရက်ကန်း၏ လက်မှုအနုလက်ရာများ
၁၀:၃၀ – ၄:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ – ၄:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ – ၄:၄၅ လှပသစ်ဆန်းအလှပြင်ခန်း (Fancy House Hair & Beauty Saloon)
၁၁:၂၀ – ၅:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅ – ၅:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ – ၅:၃၀ ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၂:၀၀ – ၆:၀၀ Yangon Panorama (Perfect Annual Show)
၁၂:၁၅ – ၆:၁၅ တေးဂီတအစီအစဉ်
၁၂:၂၀ – ၆:၂၀ အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ
၁၂:၃၀ – ၆:၃၀ VJ Choice
၁:၀၀ – ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမေရိကန်တို့ကြောင့် အီရတ်၌အရပ်သားများ နေ့စဉ်သေဆုံးလျက်ရှိ

လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် အောက်တိုဘာ ၉ရက်က အလုပ်ဆင်းရန် စောင့်ဆိုင်းနေသည့် ဆောက်လုပ်ရေး အလုပ်သမားများစုဝေးရာနေရာ၌ လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲခဲ့သဖြင့် **(ယာပုံ)** အလုပ်သမားတစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာပြင်းထန်

ဂျက်သာဒီယာလာခရိုင် ပန်းခြံအတွင်း အောက်တိုဘာ ၉ရက် နံနက် ၆နာရီ မိနစ်၄၀ခန့်တွင် လမ်းဘေးဗုံးနှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲသွားခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများ အနက် အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားဗုံးခွဲ အရပ်သားတစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အောက်တိုဘာ ၁၀ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု နှစ်ရပ်ဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ လမ်းဘေးဗုံးများမှာ ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားပြီး လမ်းဘေးဗုံးထောင် ဖောက်ခွဲတိုက်ခတ်ခြင်းဖြစ်သည်။

လမ်းဘေးဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် အောက်တိုဘာ ၁၀ရက် မွန်းလွဲပိုင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အရပ်သားတစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်စစ်ယာဉ်တစ်စီးအနီးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

နောက်ထပ်လမ်းဘေးဗုံးတစ်လုံးမှာ ဘဂ္ဂဒက်မြို့အလယ်ပိုင်းရှိ အမေရိကန်ကင်းလှည့်စစ်ယာဉ်တစ်စီးအနီး၌ပင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အီရတ်အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ အမေရိကန်စစ်ဘက် မော်တော်ယာဉ်တစ်စီးလည်းပျက်စီးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၈၁၅ ဦး ရှိသွားပြီဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံ အန်ဘာပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း၊ အမေရိကန်စစ်ဘက်က အောက်တိုဘာ ၉ ရက်တွင် ကြေညာသည်။

ၾငင်းဖြစ်ပွားရာနေရာသို့ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ရောက်ရှိကာ ထိန်းသိမ်းခဲ့ရသည်။

သေဆုံး

အီရတ်နိုင်ငံအနောက်ပိုင်း ချေမှုန်းရေးစစ်ဆင်မှုများ ဆင်နွှဲစဉ် အနောက်ပိုင်း နိုင်ငံစုံတပ်တွင် တာဝန်ထမ်းဆောင်သည့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အောက်တိုဘာ ၆ရက်က သေဆုံးသွားခြင်းဖြစ်သည်ဆိုသည်။

ဖော်ပြ

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည်မှ ယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၈၁၅ ဦး ရှိပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ၌ အကြမ်းဖက်မှုဖြစ်ပွား

ဗန်ကောက် အောက်တိုဘာ ၁၁

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ အောက်တိုဘာ၉ရက် နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာတို့ကင်းလှည့်စဉ်အတွင်းအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

စီးနင်းတိုက်ခိုက်

ယင်းနေ့မတိုင်မီက ဆွန်ဂိုပါဒါဒေသတွင် နံနက် ၅နာရီက အိမ်ခြေ ၂၀၀ခန့်အား လက်နက်ကိုင်များက ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြောင်း သည်နယူးစ်သတင်းစာ၌ ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်

လွန်ခဲ့သည့် သုံးနှစ်တာကာလမှစ၍ နာရာသီဝပ်ပြည်နယ်၊ ယာလာပြည်နယ်နှင့် ပတ္တာနီပြည်နယ်တို့တွင် နေ့စဉ် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ ၂၅၀၀ခန့် သေဆုံးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၁

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၉ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး လူ ၂၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒီအေဒဗလျူအင်န် ရုပ်မြင်သံကြားသတင်းတစ်ရပ်၌ ဖော်ပြသည်။

ပေါက်ကွဲ

ပေါက်ကွဲမှုမှာ ပါကစ္စတန် အနောက်မြောက်ဖရွန်တီးယားပြည်နယ်၏မြို့တော် ပါရှာဝါမြို့အတွင်းရှိ နစ်ရှ်တာရာဘတ်ဒေသရှိ စီဒီအရောင်းဆိုင်အနီးတွင် ဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ပျက်စီးဆုံးရှုံး

ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ အလျင်အမြန်တင်ပို့ပေးခဲ့ကြသည်။ ဘက်ဟာလာဘာဇာရာဒေသတွင်လည်း အောက်တိုဘာ ၈ရက်နှင့် ၉ရက်များတွင် ဖြစ်ပွားသော ပေါက်ကွဲမှုများကြောင့် အနည်းဆုံး စီဒီအရောင်းဆိုင် ၃၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဖောက်ခွဲဖျက်ဆီးသည့် တရားခံများကိုမူ မသိရှိရသေးကြောင်း ဒီအေဒဗလျူအင်န် ရုပ်မြင်သံကြားသတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ရုရှားနိုင်ငံ ဘိုင်ကိုနောအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောက်တိုဘာ ၁၀ ရက် မော်စကိုစံတော်ချိန် မွန်းလွဲ ၀၅ နာရီ ၂၂ မိနစ်၌ ရုရှားလုပ်ဆိုယုဇ်အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်လိုက်သည်။ အဆိုပါ အာကာသယာဉ်တွင် အမေရိကန်အာကာသယာဉ်မှူးတစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် မလေးရှားနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ)

- *အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းကမ်းလွန်တွင် အောက်တိုဘာ ၁၀ ရက်က ရစ်ချ်တာစကေး ၆ ရှိ အင်အားပြင်းငလျင်လှုပ်ရှားသွားကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **ဘရာဇီးနိုင်ငံတောင်ပိုင်း ဒီစကင်ဆိုမြို့တွင် အောက်တိုဘာ ၁၁ ရက်က မော်တော်ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ပြီးကျော်တက်ရာမှ ယာဉ်တိုက်မှုများဖြစ်ပွားရာ ၃၁ ဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ မော်တော်ယာဉ်များလည်း ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားဒေသတွင် အောက်တိုဘာ ၁၁ ရက်က နှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း၊ ဆီးနှင်းခဲများ ဆိုးရွားစွာကျဆင်းခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့အနောက်တောင်ဘက် ၄၅ ကီလိုမီတာခန့်အကွာရှိ ရွှေတွင်းတစ်တွင်း အောက်တိုဘာ ၁၀ရက်က ပြိုကျမှု ဖြစ်ပွားခဲ့ရာ ရွှေတွင်းလုပ်သားလေးဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ပေါ်တူဂီနိုင်ငံ အရှေ့မြောက်ပိုင်း လစ္စဘွန်းမြို့မှ မိုင် ၁၈၀ ခန့်အကွာ ကျေးရွာတစ်ရွာအနီးတွင် အောက်တိုဘာ ၁၀ရက်က ရှေးဟောင်းဒဂ်ါးပြားများကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြရာ အဆိုပါ ဒဂ်ါးပြားများသည် လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀ခန့်က ဒဂ်ါးပြားများဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

- **အာကာသ လေ့လာ စူးစမ်းရေးယာဉ် နယူးဟော် ရိုဇွန်းစ်သည် ကြာသပတေး ဂြိုဟ်အနီးဆုံးသို့ ချဉ်းကပ်နေပြီ ဖြစ်ကြောင်း၊ ထိုသို့ အနီး ကပ်ဆုံး အနေအထားမှ နာဆာ မြေပြင်စခန်းသို့ ဓာတ်ပုံများပေး ပို့ခဲ့မှုကို နာဆာမှအောက်တိုဘာ၁၀ရက်၌ ထုတ်ပြန်ဖော်ပြလိုက်သည်။** (ယာပုံ)



- *အမေရိကန်နိုင်ငံ စီလီဗီလန်မြို့ရှိ အဆင့်မြင့်တန်းကျောင်းတစ်ကျောင်းတွင် အောက်တိုဘာ ၁၀ရက်က ဆယ်ကျော်သက်ကျောင်းသား သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ကျောင်းဆရာနှစ်ဦးနှင့် ကျောင်းသားသုံးဦး ဒဏ်ရာရရှိသွားကြောင်း၊ သေနတ်ဖြင့် ပစ်ခတ်သည့် ကျောင်းသားလည်းသေဆုံးသွားကြောင်း အင်တာနက် သတင်း၌ဖော်ပြသည်။*

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ စစ်ကိုင်းတိုင်း ရှမ်းပြည်နယ်တို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် စစ်ကိုင်းတိုင်း ပုလဲမြို့၊ ကလေးမြို့၊ ကလေးဝမြို့၊ ချောင်းဦးမြို့နှင့် ရှမ်းပြည်နယ် ကလောမြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကလေးမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။
(သတင်းစဉ်)

ပုလဲ

စစ်ကိုင်းတိုင်း ပုလဲမြို့၌ ပြည်သူအင်အား ၁၃၅၀၀ ကျော်တို့သည် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီတွင် ပုလဲမြို့တွင်းလှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိနှင့် ဒို့တာဝန်အရေး(၃)ပါးတို့ကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကိုကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကလေး

အလားတူ စစ်ကိုင်းတိုင်း ကလေးမြို့၌ ပြည်သူအင်အား ၃၂၀၀၀ခန့်သည် အောက်တိုဘာ ၈ရက် နံနက် ၇နာရီတွင် မြို့တွင်းလမ်းမကြီးများအတိုင်း လှည့်လည်ကာ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်။

အမျိုးသားညီလာခံကို ထောက်ခံသည်၊ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ဆူပူအကြမ်းဖက်မှုကို ဒို့မလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ ပြည်ပ သွေးထိုးမှုများ ဒို့မလိုလား၊ ပြည်ပသွေးထိုးလှုံ့ဆော်မှုများ ရပ်တန်းကရပ်၊ အမေကျော် ဒွေးတော်မလွမ်းနဲ့၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဒို့တာဝန် အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကလေးဝ

စစ်ကိုင်းတိုင်း ကလေးဝမြို့၌ မြို့ပေါ် ၃ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၆ ရွာတို့မှ ပြည်သူအင်အား ၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၈ ရက် နံနက် ၇နာရီခွဲတွင် ကလေးဝမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများ သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ်ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ်အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပြည်သူ့ဆန္ဒဖော်ထုတ်

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကလောမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။
(သတင်းစဉ်)

ကလော

ထို့အပြင် ရှမ်းပြည်နယ် ကလောမြို့၌ ကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့တို့မှ ဒေသခံတိုင်းရင်းသား ပြည်သူအင်အား ၄၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၈ ရက် နံနက် ၉နာရီတွင် ကလောမြို့ မြို့နယ်အားကစားကွင်းကြီးမှ အရှေ့မြို့ပတ်လမ်းအတိုင်း၊ ၎င်းမှ မြို့မလမ်း၊ နတ်စင်လမ်း၊ ပြည်ထောင်စုလမ်း၊ ၎င်းမှ ဘူတာလမ်းအတိုင်း ပြည်သူ့အားကစားကွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဖွံ့ဖြိုးတိုးတက်မှုကို မဖျက်ဆီးပါနဲ့၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကိုမလိုလား၊ **“မိုးလုံးပြည့် မုသာဝါဒီ”** RFA, VOA, BBC, DVB လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား၊ အမျိုးသားညီလာခံကြီးအား ထောက်ခံပါသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ချောင်းဦး

အလားတူ စစ်ကိုင်းတိုင်း ချောင်းဦးမြို့၌ ပြည်သူအင်အား ၁၈၅၀၀ ကျော်တို့သည် အောက်တိုဘာ ၉ရက် နံနက် ၇နာရီခွဲတွင် ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်းအဟောင်းမှ ရုံးကြီးလမ်း၊ အောင်မင်္ဂလာလမ်း၊ ၎င်းမှတစ်ဆင့် မုံရွာ-မန္တလေးလမ်းမကြီးအတိုင်း ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း အသစ်အတွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ချောင်းဦးမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။
(သတင်းစဉ်)

(၁၂)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းဆောင်ရွက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့သွားရောက်၍ (၁၂)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်မှု လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၁၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဒေါက်တာ ကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

အားပေး

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများသည် အထွေထွေရောဂါကုဆေးရုံသစ်ကြီးရှိ ခွဲစိတ်ခန်းမကြီး အတွင်း၌ မြန်မာ့ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ (၁၂)ကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုလုပ်ငန်း ဆောင်ရွက်နေမှုကို ဓာတ်မှန်ဌာန အစည်း အဝေးခန်းမဆောင်၌ ခွဲစိတ်မှုအား တိုက်ရိုက်ကြည့်ရှုနိုင်ရန်(CCTV) တိုက်ရိုက် တီဗွီဖြင့် ဆက်သွယ်ပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများသည် အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကြပ်မတ် ကုသဆောင်ရှိ အောက်တိုဘာ ၉ရက်တွင် ကျောက်ကပ်အစားထိုးကုသမှုခံယူခဲ့သော အစ်မဖြစ်သူ ဒေါ်ဆွေဆွေဦး(၄၃)နှစ်နှင့် ကျောက်ကပ်ခွဲစိတ် ကုသဆောင်ရှိ မောင်ဖြစ်သူ ကျောက်ကပ်အလှူရှင် ဦးမောင်မောင်ဦး (၄၁)နှစ်တို့အား လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားကြသည်။

ကျောက်ကပ်အစားထိုးကုသမှုလုပ်ငန်းကို ပါမောက္ခ ဒေါက်တာတိုးလွင် ခေါင်းဆောင်၍ ဆရာဝန်ကြီး ရှစ်ဦးနှင့် ခွဲစိတ်ခန်းသူနာပြု ဆရာမကြီး ဒေါ်စောယုမေဦးဆောင်သည့် အဖွဲ့ဝင်၁၁ဦးတို့က ပါဝင်ဆောင်ရွက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ကျောက်ကပ်အစားထိုးကုသမှုဆောင်ရွက်ရာတွင် မြန်မာ့ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီးများအဖွဲ့ကို ပါမောက္ခ ဒေါက်တာခင်မောင်ဌေး ခေါင်းဆောင်ပြီး ဆရာဝန်ကြီး ၁၁ဦးပါဝင်၍လည်းကောင်း၊ သူနာပြုဆရာမကြီး ဒေါ်ခင်မိမိ ခေါင်းဆောင်သောအဖွဲ့တွင် သူနာပြုခြောက်ဦးပါဝင်၍လည်းကောင်း၊ မေ့ဆေး အဖွဲ့တွင် ပါမောက္ခ ဒေါက်တာတင်မြင့် ခေါင်းဆောင်၍ ဆရာဝန်ကြီးငါးဦး၊ သူနာပြုနှစ်ဦးပါဝင်၍လည်းကောင်း ပူးပေါင်းဆောင်ရွက်ကြသည်။

စောင့်ရှောက်

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို နံနက် ၉နာရီခွဲတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ စတင်ဆောင်ရွက်ရာ အလှူရှင် ဒေါ်လွင်လွင်စိုး(၄၈)နှစ်အား ပါမောက္ခ ဒေါက်တာ တိုးလွင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဘုန်းမြင့်နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသူတို့က ခွဲစိတ်၍ ကျောက်ကပ်တစ်လုံးကို ထုတ်ယူရာ နံနက် ၁၁နာရီ ၄မိနစ်တွင် ရရှိပြီး အဆိုပါကျောက်ကပ်ကို ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့(Perfusion Team)မှ သူနာပြုဆရာမကြီး ဒေါ်သက်သက်ခိုင်နှင့် သူနာပြု နှစ်ဦးတို့က ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည်။

တပ်ဆင်ပြီးစီး

ဆက်လက်၍ ကျောက်ကပ် အစားထိုးကုသမှုခံယူမည့် ကျောက်ကပ် ဝေဒနာရှင်အစ်မဖြစ်သူ ဒေါ်စမ်းစမ်းစိုး(၄၃)နှစ်အား ကျောက်ကပ်ခွဲစိတ် အထူးကု အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာတိုးလွင် ခေါင်းဆောင်၍ ပါမောက္ခ ဒေါက်တာဝင်းမြိုင်၊ ကထိက ဒေါက်တာကျော်စွာလှိုင်နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မောင်လွင်တို့က နံနက် ၁၀နာရီ ၄၇မိနစ်တွင် စတင်ခွဲစိတ်၍ အစားထိုးကျောက်ကပ်ကိုတပ်ဆင်ရာ ညနေ ၃နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ အစားထိုးတပ်ဆင်ပြီးစီးသွားသည်။

ကုသခံယူ

ကျောက်ကပ်ဝေဒနာရှင် ဒေါ်စမ်းစမ်းစိုးသည် လွန်ခဲ့သည့်ငါးလမှ စတင်၍ ဆီးနှင့်ကျောက်ကပ်ဝေဒနာ စတင်ခံစားရပြီး ဩဂုတ်လမှစတင်၍ ဆေးကုသမှု ခံယူခဲ့ရာတွင် စက်ဖြင့် ကျောက်ကပ်ဆေးခြင်းကို တစ်ပတ်လျှင် နှစ်ကြိမ်ဆေး ရာမှ သုံးကြိမ်အထိနီးကပ်လာ၍ ယခုအခါ ကျောက်ကပ်အစားထိုးကုသမှုကို ခံယူရခြင်းဖြစ်သည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းအောင်မြင်ရေးအတွက် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်တို့၏ ပံ့ပိုးကူညီ စီစဉ်မှုနှင့် ဆေးရုံဝန်ထမ်းများ၏ ဝိုင်းဝန်းကူညီမှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။



အားပေးစကားပြောဆို

ကျောက်ကပ်အစားထိုးခွဲစိတ်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ ပိုင်စိုးတို့သည် ကျောက်ကပ်အစားထိုးကုသမှုဆောင်ရွက်ခဲ့သော ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုအားပေးစကားပြောကြားကြသည်။

ယနေ့တွင် ကျောက်ကပ်အလှူရှင် ဒေါ်လွင်လွင်စိုးအား ကျောက်ကပ် အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီး ဒေါ်မူမူချိုနှင့် သူနာပြု ခြောက်ဦးတို့ကလည်းကောင်း၊ ကျောက်ကပ်အစားထိုးကုသမှုခံယူခဲ့သူ ဒေါ်စမ်းစမ်း စိုးအား အထူးကြပ်မတ်ကုသဆောင်တွင် ဆရာဝန်ကြီးများနှင့်သူနာပြုဆရာမကြီး ဒေါ်ခင်တုတ်မြင့်နှင့် သူနာပြု၁၀ဦးတို့ကလည်းကောင်း ကျန်းမာရေးစောင့်ရှောက် ပေးလျက်ရှိကြသည်။

ကောင်းမွန်လျက်ရှိ

ကျောက်ကပ်အလှူရှင် ဒေါ်လွင်လွင်စိုးနှင့် ကျောက်ကပ်အစားထိုးကု သမှုခံယူခဲ့သည့် ဒေါ်စမ်းစမ်းစိုးတို့၏ ကျန်းမာရေးအခြေအနေမှာ တိုးတက် ကောင်းမွန်လျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ (၁၂)ကြိမ်မြောက် ကျောက်ကပ် အစားထိုးခွဲစိတ်မှု လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပမည့်နေရာများ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၁

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကျင်းပမည့်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိလာ ရာ အက၊ပြဇာတ်၊ကွက်စိပ်နှင့် ဇာတ်တော်ကြီးတို့ ယှဉ်ပြိုင် ကျင်းပမည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမပြင်ဆင်ဆောင်ရွက် ထားမှုအခြေအနေတို့ကိုလည်းကောင်း၊ စန္ဒရားပြိုင်ပွဲ၊ မယ်ဒလင်ပြိုင်ပွဲ၊ တယော ပြိုင်ပွဲများ ယှဉ်ပြိုင် ကျင်းပမည့် သစ်တောသုတေသနစုဝေးခန်းမဆောင် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေ တို့ကိုလည်းကောင်း၊ အဆိုပြိုင်ပွဲ၏ မဟာဂီတ၊ ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေးတို့ ယှဉ်ပြိုင်ကျင်းပ မည့် စိုက်ပျိုးရေးတက္ကသိုလ် စုဝေး ခန်းမဆောင် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကိုလည်းကောင်း၊ ဂီတာ ပြိုင်ပွဲ၊ ပတ္တလားပြိုင်ပွဲ၊ စောင်းပြိုင်ပွဲနှင့် ဒုံမင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ ဆောင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေ အနေကို လည်းကောင်း၊ ဆိုင်းဝိုင်း တစ်ဦးချင်းပြိုင်ပွဲ၊ ဆိုင်းဝိုင်းကြီးအဖွဲ့ လိုက်ပြိုင်ပွဲ၊ နှဲပြိုင်ပွဲများယှဉ်ပြိုင်ကျင်းပ မည့် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမဆောင်ပြင်ဆင်ဆောင်ရွက် ထားမှု အခြေအနေကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် ဗဟိုဒိုင်များ ရိပ်သာ၌ ညှိခံကျွေးမွေးရန် စီစဉ် ဆောင်ရွက်ထားမှု အခြေအနေတို့ကို လည်းကောင်း၊ အတီးပြိုင်ပွဲနှင့် ရုပ်သေး ပြိုင်ပွဲများယှဉ်ပြိုင်ကျင်းပမည့် စိုက်ပျိုး ရေးသုတေသနဦးစီးဌာန စုဝေးခန်းမ ဆောင် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေကိုလည်းကောင်း၊ အရေး ပြိုင်ပွဲယှဉ်ပြိုင်ကျင်းပမည့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းခန်းမ ဆောင် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေ အနေတို့ကိုလည်း လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ် သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် အမှတ်(၇)တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာ(၁၅)ကြိမ်မြောက်မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ တည်းခိုမည့် တည်းခို ဆောင်များ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေတို့ကို တာဝန်ရှိသူများ၊ ဆပ်ကော်မတီ အတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် တည်းခိုဆောင်များကိုလည်း ကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်နှင့် သမဝါယမ အထူး အရောင်းဆိုင်များ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်မှု အခြေအနေတို့ကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေး သည်။

မှာကြား

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ တိုင်းမှူးနှင့် အဖွဲ့ဝင် များသည် နေပြည်တော် မြို့တော်ခန်းမ သို့ ရောက်ရှိပြီး (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားများ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိ သူများအား လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)၏ ၂၀၀၆-၂၀၀၇ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ၂၂ရက်ကကျင်းပရာ ဒုတိယတန်းမှ ဆဋ္ဌမတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ နော်အဘီဂေးလ်မင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်စုက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

လာလီဂါ ဂိုးသွင်းဘုရင်ဆု အွန်နရီ ဆွတ်ခူးနိုင်ပါ့မလား

မက်ဒရစ် အောက်တိုဘာ ၁၁

စပိန်လာလီဂါပွဲစဉ်တွေ ကစားနေတာ ပွဲစဉ်(၇)အထိ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီနှစ်မှာ လာလီဂါ ချန်ပီယံဆုအတွက် ရေပန်းစားနေတဲ့အသင်းတွေက ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ဖြစ်သလို လာလီဂါမှာ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ လာလီဂါ ဂိုးသွင်းဘုရင်ဆုကို ရရှိမယ့် တိုက်စစ်မှူးတွေအဖြစ် အဖြစ်နိုင်ဆုံး ကစားသမားတွေကတော့ ရီးရဲမက်ဒရစ်က နစ္စတယ်ရွိုင်းနဲ့ ဘာစီလိုနာက အွန်နရီတို့ပဲ ဖြစ်ပါတယ်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာဖြစ်လို့လဲဆိုတော့ ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ လာလီဂါပွဲစဉ်(၆)အဖြစ် လီဗန်တေးနဲ့ကစားခဲ့တဲ့ပွဲမှာ အွန်နရီ တစ်ဦးတည်း သုံးဂိုးသွင်းယူခဲ့လို့ဖြစ်ပါတယ်။ ဒါပေမယ့် ဒီပွဲမှာ ကစားဖော် မက်ဆီရဲ့ ပံ့ပိုးကူညီမှုအားတွေ အများကြီးပါဝင်တယ်လို့ အွန်နရီက ဝန်ခံထားပါတယ်။

ရောက်ရှိလာ

ဒီနှစ်လာလီဂါမှာ ပွဲစဉ်(၇) ကစားပြီးချိန်မှာ ဟက်ထရစ် သွင်းယူနိုင်တဲ့ တိုက်စစ်မှူးဟာ အွန်နရီတစ်ဦးတည်းသာ ရှိနေပါသေးတယ်။ အွန်နရီဟာ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ ကာလမှာ အာဆင်နယ်ကနေပြီး ဘာစီလိုနာကို ပြောင်းရွှေ့ကြေး ပေါင်၁၆ သန်းနဲ့ ရောက်ရှိလာခဲ့သူ ဖြစ်ပါတယ်။

ဂိုးစသွင်း

ဘာစီလိုနာကို ရောက်လာတဲ့ အွန်နရီဟာ ရောက်ခါစပွဲတွေမှာ ခြေစွမ်းမပြနိုင်ခဲ့လို့ အွန်နရီနဲ့ပတ်သက်တဲ့ဝေဖန်မှုတွေ အမျိုးမျိုးရှိခဲ့ပေမယ့် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်ဖြစ်တဲ့ လီယွန်အသင်းနဲ့ ကစားတဲ့ပွဲမှာ အွန်နရီဂိုးစတင်သွင်းယူနိုင်ခဲ့ပါတယ်။

လက်ခံရရှိ

အဲဒီပွဲနောက်ပိုင်း အွန်နရီဟာ ဘာစီလိုနာမှာ တဖြည်းဖြည်း အသားကျလာခဲ့ပြီး ကစားဖော်တိုက်စစ်မှူးတွေဖြစ်တဲ့ ရော်နယ်ဒင်ဟို၊ မက်ဆီတို့နဲ့လည်း နားလည်မှုရှိရှိနဲ့ အစပ်အဟပ်တည့်စွာ ကစားလာနိုင်ခဲ့တာကြောင့် ဘာစီလိုနာ ပရိသတ်ရဲ့ အားပေးမှုကိုလည်း လက်ခံရရှိနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ရေပန်းစား

လီဗန်တေးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ အွန်နရီဟာ ပွဲချိန် ပထမပိုင်း ၁၇မိနစ်နဲ့ ၂၄မိနစ်တို့မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၄၉မိနစ်မှာတော့ တတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့လို့ ဒီနှစ်လာလီဂါမှာ ပထမဆုံး ဟက်ထရစ်ဂိုးသွင်းသူ တိုက်စစ်မှူးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သလို လာလီဂါ ဂိုးသွင်းဘုရင်ဆုအတွက်လည်း ရေပန်းစားလာခဲ့ခြင်း ဖြစ်ပါတယ်။

ရယူ

လာလီဂါရဲ့ ဂိုးသွင်းဘုရင်ဆုတွေကို ကြည့်ရင် ဘာစီလိုနာတိုက်စစ်မှူးတွေထက် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေကသာ ဒီဆုကိုလွှမ်းမိုးရယူနိုင်တဲ့ အရေအတွက် ပိုများခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၁၀နှစ်တာကာလကိုကြည့်ရင် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေက လေးကြိမ်ရရှိခဲ့ပြီး ဘာစီလိုနာတိုက်စစ်မှူးတွေက တစ်ကြိမ်သာရယူနိုင်ခဲ့ပါတယ်။

အွန်နရီ

ပရိသတ်တွေ ဆန္ဒ ပြည့်ဝအောင် ဘာစီလိုနာ တိုက်စစ်မှူး အွန်နရီ လာလီဂါမှာ ဂိုးအများဆုံး သွင်းယူပေးနိုင်ပါ့မလား။

(ဓာတ်ပုံ-အင်တာနက်)

အဲဒီနှစ်က အီတူးဟာ လာလီဂါ ဂိုးသွင်းဘုရင်ဆုကို ရရှိခဲ့တာပဲ ဖြစ်ပါတယ်။

ဂိုးသွင်းဘုရင်

ပြီးခဲ့တဲ့ ၂၀၀၆-၂၀၀၇ခုနှစ်မှာ ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းက စုစုပေါင်း၂၅ဂိုးသွင်းယူပြီး လာလီဂါ ဂိုးသွင်းဘုရင်ဆုကို သိမ်းပိုက်သွားခဲ့ပြန်ပါတယ်။

အားထား

ဒါကြောင့် အွန်နရီဟာ ပထမဆုံး ဟက်ထရစ်သွင်းယူနိုင်ခဲ့ပြီးနောက်မှာ ဘာစီလိုနာ ပရိသတ်တွေက သူ့ကို လာလီဂါဂိုးသွင်းဘုရင်ဆု ဆွတ်ခူးနိုင်မယ့်သူ တစ်ဦးအဖြစ် အားထားနေကြပြီ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိ ဘာစီလိုနာတိုက်စစ်မှူးဖြစ်တဲ့ ရော်နယ်ဒင်ဟိုဟာ တစ်ခါမှ ဂိုးသွင်းဘုရင်ဆုကို ဆွတ်ခူးနိုင်ခြင်း မရှိသေးတာကြောင့် အွန်နရီအပေါ် ပရိသတ်တွေ အားထားလာခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။

စိတ်ဝင်စား

ဒီနှစ်မှာ လာလီဂါချန်ပီယံဖလားကို ရီးရဲမက်ဒရစ် လက်ထဲကနေပြီး ဘာစီလိုနာတို့ လွှဲပြောင်းရယူမယ့်နေရာမှာ အဓိကကြိုးစားပေးမယ့်သူတွေထဲမှာ ရော်နယ်ဒင်ဟိုနဲ့ အွန်နရီတို့ နှစ်ဦးဖြစ်တာကြောင့် ဘာစီလိုနာအတွက် အွန်နရီဘယ်နှဂိုးသွင်းပြီး လာလီဂါ ဂိုးသွင်းဘုရင်ဆုကိုပါ သိမ်းယူသွားနိုင်မလားဆိုတာလည်း စိတ်ဝင်စားစရာပါပဲ။

အစဉ်အလာရှိ

ပရီမီယာလိဂ်မှာကတည်းက ပြိုင်ဘက်ကောင်းတွေ ဖြစ်လာကြတဲ့ နစ္စတယ်ရွိုင်းနဲ့ အွန်နရီတို့နှစ်ဦးဟာ ဒီနှစ် လာလီဂါမှာ ဘယ်သူဟာ ဂိုးသွင်းဘုရင် ဖြစ်မယ် ဆိုတာကလည်း အခုအချိန်အခါမှာတော့ သေချာပေါက် တွေးထင်ထားလို့တော့ မရသေးပါဘူး။ ဒါပေမယ့် ပရီမီယာလိဂ်က တိုက်စစ်မှူးတွေဟာ စပိန်မြေရောက်ရင် ခြေစွမ်းပြတတ်တဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးတဲ့ သာဓကတွေလည်း ရှိပါတယ်။

ဂိုးသွင်းဘုရင်

ဒါကလည်း ပရီမီယာလိဂ်ထိပ်တန်းအသင်း မန်ယူက ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး ဒီဂိုဖော်လန်ဟာ ဗီလာရီးရဲအတွက် ၂၀၀၄-၂၀၀၅ ခုနှစ်မှာ သွင်းဂိုး ၂၅ ဂိုးနဲ့ အဲဒီနှစ်က လာလီဂါ ဂိုးသွင်းဘုရင်ဆုကို ဆွတ်ခူးရရှိနိုင်ခဲ့သလို ပြီးခဲ့တဲ့နှစ်ကလည်း မန်ယူ တိုက်စစ်မှူးဟောင်း တစ်ဦးဖြစ်တဲ့ နစ္စတယ်ရွိုင်းက ရီးရဲမက်ဒရစ်အတွက် ၂၅ဂိုးသွင်းပြီး လာလီဂါဂိုးသွင်းဘုရင်ဆု ရရှိခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်လာလီဂါမှာ ပရီမီယာလိဂ်က အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီဟာ လာလီဂါမှာ ဂိုးသွင်းဘုရင်ဆု ဆွတ်ခူးနိုင်ခြင်း ရှိမရှိ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

မန်ယူသို့ပြောင်းရွှေ့ကစားရန် ကာကာ စိတ်ဝင်စား

မန်ယူကို စိတ်ဝင်စားနေသော ကာကာ။
(ဓာတ်ပုံ-အင်တာနက်)

ရောမ အောက်တိုဘာ ၁၁

ဘရာဇီးနှင့်အေစီမီလန် တိုက်စစ်မှူး ကာကာက မိမိအနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားလိုက်သည်။

ဝန်ခံပြောကြား

အသက် ၂၅ နှစ်အရွယ်ရှိ ဘရာဇီးနှင့် အေစီမီလန် တိုက်စစ်မှူး ကာကာက ပြောကြားရာတွင် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစား ဖြစ်ခဲ့ပါက မန်ယူနှင့် အာဆင်နယ်ကဲ့သို့ အသင်းများတွင်သာ ကစားလိုကြောင်း ဝန်ခံပြောကြားခဲ့သည်။

သို့သော်လည်း မိမိအနေဖြင့် အေစီမီလန်တွင် ကစားနေရသည်မှာ ပျော်ရွှင်နေကြောင်း၊ လောလောဆယ်၌ မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ရန် မဆုံးဖြတ်သေးကြောင်း ကာကာက ပြောကြားသည်။ ပရီမီယာလိဂ်တွင် မန်ချက်စတာ ယူနိုက်တက်အသင်းသည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသော အသင်းဖြစ်ကြောင်း၊ အာဆင်နယ်အသင်းသည်လည်း အလားတူပင်ဖြစ်ကြောင်း ကာကာက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ရာဖေးလ်နာဒယ်သည် အဓိကပြိုင်ဘက်ဖြစ်ကြောင်း ကမ္ဘာကျော်တင်းနစ်သမား ဖက်ဒဲယားပြောကြား

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ကွာလာလမ်ပူ အောက်တိုဘာ ၁၁

ကမ္ဘာကျော်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားက ရာဖေးလ် နာဒယ်သည် မိမိ၏အဓိကပြိုင်ဘက် ကစားသမားတစ်ဦးဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ခန့်မှန်းရခက်

ကမ္ဘာတစ်ဝန်းကျင်းပနေသော ကမ္ဘာ့အဆင့်မီ တင်းနစ်ပြိုင်ပွဲများတွင် မိမိအနေဖြင့် ရာဖေးလ်နာဒယ်ကို အလေးထားယှဉ်ပြိုင်နေရကြောင်း၊ သူသည် အလွန်တော်ပြီး ခန့်မှန်းရခက်သော တင်းနစ်သမားထဲတွင် ပါဝင်ကြောင်း ရာဖေးလ်နာဒယ်က ဆက်လက်ပြောကြားသည်။

ရာဖေးလ်နာဒယ်နှင့် ရော်ဂျာဖက်ဒဲယားတို့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လာမည့်နိုဝင်ဘာ ၂၀ ရက်နှင့် ၂၂ ရက်များတွင် ကျင်းပမည့် မလေးရှားတင်းနစ် သရုပ်ပြပြိုင်ပွဲ၌ ပါဝင်ကစားကြမည်ဖြစ်သည်။

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်။
(ဓာတ်ပုံ-အင်တာနက်)

ဆင်နွှဲမည်

ယခုအခါ ကမ္ဘာ့တင်းနစ် အကျော်အမော်များဖြစ်သော ပီဆမ်းပရပ်စ်၊ ဂျိုကိုဗစ်တို့ မလေးရှားနိုင်ငံတွင် ကျင်းပမည့် သရုပ်ပြတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲကြမည် ဖြစ်သည်။ **(အင်တာနက်)**

အိုင်ဘီအက်ဖ် လိုက်ဟဲဗီးဝိတ် ချန်ပီယံကာကွယ်ပွဲ ရက်ရွှေ့ဆိုင်း

လန်ဒန် အောက်တိုဘာ ၁၁

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအက်ဖ်) လိုက်ဟဲဗီးဝိတ်ချန်ပီယံ အော်ဒလေဟာရီဆင်သည် ကားတိုက်မှုမှ ရရှိသောဒဏ်ရာကြောင့် ယခင်က စီစဉ်ထားခဲ့သော ဂျူလီယိုဂွန်ဇာလက်နှင့်ပွဲအား ရက်အကန့်အသတ်မရှိ ထပ်မံရွှေ့ဆိုင်းခဲ့ရကြောင်း ဟာရီဆင်၏ အေးဂျင့်ဖြစ်သူတစ်ဦးက ပြောကြားသည်။

အော်ဒလေဟာရီဆင်သည် လေ့ကျင့်ရေးကွင်းမှအပြန် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ယခင်သီတင်းခြောက်ပတ်ခန့် ရက်ရွှေ့ဆိုင်းရမည် ဆိုသော်လည်း ယခုအခါ ထိုရက်မှာ လုံလောက်မှုမရှိသဖြင့် ပွဲကို ရက်ထပ်မံရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်သည်။

အော်ဒလေဟာရီဆင်သည် ၎င်း၏ လိုက်ဟဲဗီးဝိတ် ချန်ပီယံကာကွယ်ပွဲအဖြစ် စိန်ခေါ်သူ ဂျူလီယို ဂွန်ဇာလက်နှင့် လက်ဝှေ့ပွဲထိုးသတ်ရန် ယခင်က စီစဉ်ထားခဲ့သည်။ (အင်တာနက်)

စတုဂတ်အိုးပင်း၌ ဟေနင်ဗိုလ်စွဲ

စတုဂတ် အောက်တိုဘာ ၁၁

ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် အောက်တိုဘာ၁၀ ရက်က ကျင်းပသည့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဂျူစတင်ဟေနင်က ပြင်သစ်တင်းနစ်မယ် တာတီရာနာ ဂိုလိုဗင်အား၂-၆၊ ၆-၂၊ ၆-၁ ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

စတုဂတ်အိုးပင်း၌ ဗိုလ်စွဲခဲ့သော ဟေနင်။
(ဓာတ်ပုံ-အင်တာနက်)

ဗိုလ်စွဲခဲ့

ယခုပွဲ၌ အနိုင်ရရှိခဲ့သဖြင့် ယခုနှစ် အတွင်း ဟေနင်သည် စုစုပေါင်း ဆုတံဆိပ် ရှစ်ခုအထိရရှိခဲ့ပြီ ဖြစ်သည်။ ဟေနင်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ ရှုံးနိမ့်ခဲ့ရပြီးနောက် ပထမဆုံးဗိုလ်စွဲခဲ့ခြင်းလည်း ဖြစ်သည်။ တာတီရာနာသည် အလွန်တော်သော တင်းနစ်မယ် တစ်ဦးဖြစ်ကြောင်း၊ မိမိအနေဖြင့် ခက်ခဲစွာကစားခဲ့ရကြောင်း၊ ပထမပွဲ၌ မိမိအပေါ် အနိုင်ရအောင်ကစားသွားနိုင်ခဲ့ကြောင်း၊ နောက်ပွဲများ၌ မိမိအနိုင်ကစားခဲ့ကြောင်း ဟေနင်ကပြောကြားခဲ့သည်။ **(အင်တာနက်)**

ရွှေမေတ္တာ သီတင်းကျွတ်ဘုရားစုံ
▲ အင်းလေးဘုရားပွဲ၊ တောင်ကြီး၊ ပင်းတယ (စား၊ တည်း၊ ငြိမ်း)
▲ ပုဂံဘုရားစုံ (စွယ်တော်လေးဆူ)၊ ပုပ္ပား — အောက်တိုဘာ(၂၄/၂၅) ရက်ထွက်မည်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (လားရှိ၊ မှုဆယ်၊ ရွှေလီ)
▲ ကျိုက္ကမီဘုရားပွဲ၊ မော်လမြိုင်၊ စက်ဆဲ၊ နွားလပို့တောင် (ကျိုက်ထီးရိုး)
▲ ကျိုက်ထီးရိုး (နေ့စဉ်)၊ ဓလွန်၊ ချောင်းသာ (ဒေသကြား) ကြိုတင်လက်မှတ်ရောင်းပြီ
အမှတ် (၄၄၄/၁)၊ ရွှေဘုံသာလမ်း (အထက်)၊ ဖုန်း-၃၇၃၈၉၂၊ ၃၇၇၆၂၁၊ ၃၇၅၁၃၂

ဖခင်အမည်မှန် ရေဝတီတိုင်း ကျိုက်လတ်မြို့ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းဦး ၁၄/ကလန(နိုင်)၁၃၀၁၁၇၏ ဖခင်အမည်မှန်မှာ ဦးမိုးညို ၁၄/ကလန(နိုင်)၀၆၅၀၅၁ ဖြစ်ပါသည်။ **ဦးမိုးညို။**

အိုဂျီဦးစိုးမြင့်၏ ဘဝမှတ်တမ်း
ဆရာကြီးကိုယ်တိုင်ရေး **My Memoirs** ကို
ဒေါက်တာကျော်မြင့်(ဓာတ်မှန်) မြန်မာပြန်သည်။
(စာမူခွင့်ပြုချက် – ၄၀၀၀၇၆၀၁၀၇)
ဖြန့်ချိရေး
စရဏမဂ္ဂဇင်း (၂၄၉) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်။
ဖုန်း-၃၈၈၀၉၇၊ ၃၉၄၁၄၁ (လိုင်းခွဲ ၁၀၇)

ပြောင်းလဲခေါ်ပါရန်
အဖ ဦးခင်မောင်လေး၏ သား အနောက်ပိုင်းတက္ကသိုလ်(သမိုင်း) (အဝေးသင်-၂၀၀၇)မှ မောင်သီဟအောင်(ခ) သီဟ ၁၂/အစန(နိုင်)၁၃၃၆၂၅ အား မောင်မင်းသက်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မင်းသက်။

အမည်ပြောင်း
အဖ ဦးရဲမြင့်၏သမီး မမေရဲဇော် မှတ်ပုံတင်အမှတ် ၁၄/မမန(နိုင်)၁၈၂၃၅၀အား မထက်မြတ်နိုင်ဇင်ဟု ပြောင်းလဲ ခေါ်ပါရန်။
မထက်မြတ်နိုင်ဇင်
၁၄/မမန(နိုင်)၁၈၂၃၅၀။

အမည်ပြောင်း
အထက(၂)မရမ်းကုန်း တက္ကသိုလ်ဝင်တန်း(E)မှ မောင်ချမ်းမြေ့အောင် ၁၂/မရက(နိုင်)၁၄၇၁၇၂အား မောင်ချမ်းအေးအောင်ဟု ခေါ်ပါရန်။
မောင်ချမ်းအေးအောင်။

သာရဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးသီးသန့်
တစ်နိုင်ငံလုံးမှ မူလတန်းတွင်သင်ကြားသော အမှန်တကယ်တွေ့တတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၁တွဲ) အမြို့မြို့ဆိုင်ကိုးတွင်ရပြီ၊ တစ်ပတ် ၂ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်၊ အလယ်/အထက်တန်း၊ ဘွဲ့ကြို ဘွဲ့ရ၊ အလုပ်ခွင်ရောက်သူ၊ PSC ဖြေဆိုသူ မဖြစ်မနေတက်ပါ။
အောက်တိုဘာလဖွင့်နေပြီ။
အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ခုံတံတားထိပ်၊ ရန်ကုန်မြို့
Ph: 286871, 09 51 72096

အမည်မှန် ဦးဘအေး(ခ)ဦးအေးမောင်၏သမီး လှိုင်သာယာမြို့နယ် အမက(၃၆)မှ အလယ်တန်းပြဆရာမ ဒေါ်အုန်းစန်း ၁၂/မရက(နိုင်)၀၈၇၀၅၄သည် မှတ်ပုံတင်ပါ မမြင့်အေးနှင့် တစ်ဦးတည်းသာဖြစ်ပါကြောင်း။ **ဒေါ်အုန်းစန်း(ခ)မမြင့်အေး။**

ဖခင်အမည်မှန်
မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ အထက(၆) တက္ကသိုလ်ဝင်တန်း(ဃ)မှ မစပယ်တင်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၁၂/ဥကမ(နိုင်)၀၉၀၃၇၆ ဖြစ်ပါသည်။ **ဦးတင်စိုး။**

RE GD.
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) – ၀၇၀၆ YR ၄၈၁၅ / (ဆေးမှုန့်) – ၀၇၀၆ YR ၀၃၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၁၈/၂၀၀၅/တဆထလ/တိုး(၅၄)
တဟွပ်ဟွပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း **ကွမ်းရွက်ပုံ** ဆေးဂေါင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးပကတိဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

Since 1986
KMD Computer Centre
၅၅၀-၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၇၇၆
Software Engineering in **Database & Ecommerce** — Duration: 200 Hours
e-commerce site/ website များဖန်တီးရေးသားလိုသူများအတွက်
Software Engineering — Duration: 340 Hours
Customized Program များ မိမိစိတ်ကြိုက် ရေးသားလိုသူများအတွက်

အားကစားမြင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက်ဆရာတော်၏
မွေးနေ့အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ဝင်ဂိုဏ်းလုံးဝန်ဆောင်နာယက စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလ၏ မွေးနေ့အလှူတော် မင်္ဂလာပွဲကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက် (အောက်တိုဘာ ၁၆ရက်) အင်္ဂါနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မွေးနေ့အလှူ အလှူတော်မင်္ဂလာပွဲတွင် ပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်များအား တစ်ပြိုင်တည်း နံနက်အရုဏ်ဆွမ်းကျွေးခြင်း၊ စာသင်သံဃာများနှင့် ထေရဝါဒသာသနာပြုကျောင်းများအား သင်္ကန်းစသည့်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်းနှင့် ကျိုကုန်း ကုန်းတော်မြတ်မှ ရေဆန်ကျွန်းဘုရားကြီးအား ဒုတိယအကြိမ် အလှူငွေများလှူဒါန်းခြင်း ကုသိုလ်တို့ကို မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူဒါနပြုမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကောလင်းစက်သုံးဆီအရောင်းဆိုင်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၈ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ကသာခရိုင်ပင်လည်ဘူးမြို့ရှိ ရွှေကျောင်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကာ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသောဘိတ စာရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ကူညီပံ့ပိုး

ထို့နောက် ဝန်ကြီးသည် စာသင်တိုက်၌ ပရိယတ္တိစာပေ သင်ကြားပို့ချနေမှုကို လိုက်လံကြည့်ရှုပြီး စာသင်တိုက်အတွက် လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် အောက်တိုဘာ၉ရက် နံနက်ပိုင်းတွင် ကသာခရိုင် ကောလင်းမြို့ရှိစက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၆၂)သို့သွားရောက်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီအခြင်အတွယ် မှန်ကန်စေရေး၊ ပြည်သူလူထုနှင့်ဆက်ဆံရေးပြေပြစ်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းလေသမျှ
၁၁-၁၀-၂၀၀၇

ဘားအံ
၂ ဒသမ ၇၅ လက်မ
ခရမ်း
၂ ဒသမ ၄၄ လက်မ
ပဲခူး
၁ ဒသမ ၇၈ လက်မ
ရန်ကုန်(ကမ္ဘာအေး)
၁ ဒသမ ၀၆ လက်မ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မာရုံလမ်းနေ (ဦးဗျန်စိန်)-ဒေါ်ရှုကြည် မိသားစုတို့က ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ်သိန်းတစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်ဦးလွင်မြို့၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၁၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ (၂)ရပ်ကွက် မန္တလေး-လားရှိုးလမ်း ၁၂လမ်း၌ အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းတွင် လက်ဖက်ရည်ဆိုင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးပြီး အမျိုးသမီးတစ်ဦး မီးခိုးမွန်းကျပ်မှုကြောင့် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်ပန်းအလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် ၂/၂၀၀၇ကို အခြေခံသင်တန်း ဆင်းပြီးသူ သင်တန်းသား သင်တန်းသူ ၅၀ဖြင့် လာမည့် နိုဝင်ဘာ ၅ရက်မှ ၁၇ရက်အထိ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၉၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၁၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိအသင်းရုံး တယ်လီဖုန်းအမှတ်-၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်းသိရသည်။ **(၃၀၈)**

ရန်ကုန်အနောက်ပိုင်းခရိုင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၉ရက်က အထက(၂)လသာ မြညီလာခန်းမ၌ကျင်းပရာ အထက(၂)လသာမှ ကျောင်းသူများ စကားဝိုင်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။ (က-ပ)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

ဖွံ့ဖြိုးစည်ပင်တိုးတက်လာသော နယ်စပ်ဒေသများ

လှစိန်

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး အကြား ဆူကြို့နိမ့်မြင့် ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ခုလုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၁၉၈၉ ခုနှစ်မှ စတင်ပြီး ၂၀၀၇ ခုနှစ် မတ်လအထိ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများ၏ လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၃၄၃၆ မိုင်၊ ကျောက်ခင်းလမ်း ၂၃၀၁ မိုင်၊ ကတ္တရာလမ်း ၃၉၄ မိုင်၊ တံတားကြီး ၇၆စင်း၊ တံတားငယ် ၉၉၅ စင်းနှင့် ကြိုးတံတား ၄၁ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် မူလရှိပြီးလမ်း ၃၃၉၆ မိုင်ကိုလည်း ပြုပြင် ထိန်းသိမ်းပေးခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နန့်တစ်မြို့တွင် ပြည်သူ့ဆေးရုံကို တည်ဆောက်ထားပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းစဉ်ကိုလည်း အထူးဦးစားပေး ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံကျသည့် ပညာရေးကဏ္ဍ၌ နိုင်ငံတော်က မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း၅၀၇ကျောင်းဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၉၈ ကျောင်း ပြုပြင်ပေးခဲ့သည်။

ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း နိုင်ငံတော်က "ကျန်းမာရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်" ဆိုသည့် အမျိုးသား ကျန်းမာရေး မူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသများ၌ ၁၉၈၈ ခုနှစ်က ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ရှစ်ခန်း၊ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက် ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၁၃၂၃ ဦးအထိ တိုးချဲ့တာဝန်ပေးအပ်ထားသည့်အပြင် အထူးဖွံ့ဖြိုးရေးဒေသတိုင်း၌လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို တည်ဆောက် ဖွင့်လှစ်ပေးနေပြီး နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့်လည်း နယ်စပ်ဒေသများ၌ တိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားရေးဖူလုံမှုရှိအောင် ပထမဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။ ဒုတိယအနေဖြင့် ပိုလျှံသည့်စိုက်ပျိုးရေးထုတ်ကုန်များကိုရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းဖြင့် ဝတ်ရေး၊ နေရေး ဖူလုံအောင်လည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၈ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့သည်။ ဤကဲ့သို့ စားဝတ်နေရေး ဖူလုံရန်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူရေးကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်း မျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

စွမ်းအင်ကဏ္ဍတွင်လည်း နယ်စပ်မြို့ ၁၇ မြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၁၉၉ ခု၌ မီးစက် ၂၆၅ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေနိုင်ပြီဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်း ကဏ္ဍအနေဖြင့် စာတိုက် ၅၂ ခု၊ ကြေးနန်းရုံး ၄၅ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၅ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေခဲ့သည်။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တော ပျိုးဥယျာဉ် ၁၄ ခုသတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲ ကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက်လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

သတ္တုကဏ္ဍတွင်လည်း နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျတူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသ တိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများ၌ စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်ကတည်ဆောက်ပေးသည့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများပေါ် မှီတည်ပြီး နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။ ဤကဲ့သို့ အခြေခံကောင်းများ ရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသ တစ်လျှောက်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ငွေကျပ် ၆၂၃၃၅ သန်း၊ ဝန်ကြီးဌာန အသီးသီးက

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကွန်းတောတံတား (မိုးကောင်း)ကို တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူတို့ ကူးသန်းသွားလာရေး လုံခြုံချောမွေ့စေခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ငွေကျပ် ၃၈၇၃၀ သန်း စုစုပေါင်း ၁၀၁ ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း မစတင်မီ ၁၀ နှစ်ဖြစ်သော ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို လျင်မြန်စွာ၊ ထိရောက်အောင်မြင်စွာ အကောင် အထည် ဖော်နိုင်ခဲ့သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဝန်ကြီးဌာန ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်း ဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ သိသိသာသာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြသည်ကို တွေ့မြင်နေရပြီ ဖြစ်ပေသည်။ ။

12-10 (15) 1 10/12/07, 1:45 AM

မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၂)ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်လှူဒါန်းပွဲကို စက်တင်ဘာ ၁၁ရက်က ဘုရားမဏ္ဍပ်တွင်ကျင်းပရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ နာယကဆရာတော်ကြီးများအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့က လှူဖွယ်ပစ္စည်းနှင့်ဆေးပစ္စည်းမျိုးစုံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၅ရပ်ကွက် ၁၂လမ်း အမှတ်(၂၇၅)နေ ဦးထွန်းစိန် – ဒေါ်ကျင်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက်

အလှူငွေကျပ် ၁၁၁၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လူထုအတွင်း ရှေးဦးပြုစု(နည်းပြ)သင်တန်းဆင်းပွဲ စဉ့်ကူး၌ကျင်းပ

စဉ့်ကူး အောက်တိုဘာ ၉

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဆန်နီက အဖွင့်အမှာစကားပြောကြားပြီး တိုင်းကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး(ပ)ဦးဘုန်းကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဆန်နီက သင်တန်းတွင် ထူးချွန်ဆုပထမရ တပ်ဖွဲ့ဝင် ထွန်းမြင့်၊ ဒုတိယဆုရတပ်ဖွဲ့ဝင် သူဇာလှိုင်နှင့် တတိယဆုရ တပ်ဖွဲ့ဝင် သန်းမာလာတို့အား ဆုပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို အတွင်းရေးမှူး ဦးသန်းနွယ်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှလှကြည်၊ ဦးစီးမှူး(ပ)ဦးဘုန်းကျော်နှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူ တစ်ဦးချင်းအားပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရမည်းသင်း အောက်တိုဘာ ၅

ရမည်းသင်းမြို့နယ် ကဘက္ကာကျေးရွာအုပ်စု စည်ပင်ကျေးရွာ၌ စက်တင်ဘာ ၂၀ရက် နံနက် ၉ နာရီခွဲက အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် ကဘက္ကာကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက်အကြောင်းသိကောင်းစရာနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကို ဟောပြောပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်ဝင်းက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးအကြောင်းကို ဟောပြောသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလင်းရောင်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်သူအောင်က စာကြည့်တိုက်ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသောစာအုပ်မျိုးစုံ အုပ် ၅၀ကို ဒုတိယဦးစီးမှူးဒေါ်သန္တာလင်းက လည်းကောင်း၊ စာကြည့်တိုက်ရန်ပုံငွေကျပ်တစ်သောင်းကို ရောဝတီစားသောက်ဆိုင်မှ ဒေါ်ဥမ္မာက လည်းကောင်း၊ ကျေးရွာအတွင်းရှိ စာပေဝါသနာရှင်များက စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးဦးတင်အေးက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အုတ်ဖိုမြို့ လှပရေး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ စက်တင်ဘာ ၁၉ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

စေတီကုန်းလမ်း ကျောက်ချောခင်း

ကလော အောက်တိုဘာ ၈

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် စေတီကုန်း ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညိုဝင်း ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်နော်မူးခိုဖောက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အကြိမ်(၄၀)မြောက် သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် ဆိပ်ကမ်းသာလမ်း အမှတ်၉၁ မြေညီနေ ဗိုလ်မှူးအောင်အောင်ထွန်း(ငြိမ်း)**(အပေါ်ပုံ)** သည် စက်တင်ဘာ ၂၄ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ အကြိမ်(၄၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။**(က–ပ)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဩဂုတ် ၂၇ရက်က ထန်းတပင်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံဆရာဝန်ကြီးများ မလှိုင်မြို့နယ် ကံကြီးကျေးရွာသို့ အခမဲ့ကွင်းဆင်းကုသ

မိတ္ထီလာ အောက်တိုဘာ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဦးမျိုးသန်းဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် စက်တင်ဘာ၂၀ရက်က မလှိုင်မြို့နယ် ကံကြီးကျေးရွာသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါကွင်းဆင်း ဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့သည် လူနာ ၂၉၇ ဦးတို့အား ကျန်းမာရေးအသိပညာပေးခြင်း၊ အခမဲ့ဆေးကုသမှုပေးခြင်းနှင့် လူနာ ၃၈ ဦးတို့အား မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ဆေးကုသမှုခံယူရန် ညွှန်ပို့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော် ဦးဆောင်၍ ပိုးဇာကုန်း–အင်းဒရန့်လမ်းပေါ်ရှိ ပိုးဇာကုန်းတံတား အမှတ်(၁)ကမ်းကပ်ခုံများ ရေတိုက်စားမှုမှ ကာကွယ်ရန် သဲအိတ်များချ၍ တံတားရေစီးအားဖြင့် ပါမသွားစေရန် အဖွဲ့ဝန်ထမ်းများဖြင့် ကာကွယ်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(က–ပ)

လှိုင်လင်ခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

လှိုင်လင် အောက်တိုဘာ ၃

၂၀၀၇ ခုနှစ် လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၆နာရီခွဲက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် လှိုင်လင်မြို့နယ်ဘောလုံးအသင်းနှင့် နမ့်စန်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လှိုင်လင်မြို့နယ်ဘောလုံးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ဒုတိယဆုရ နမ့်စန်မြို့နယ် ဘောလုံးအသင်းအား ခရိုင်အတွင်းရေးမှူး ဦးတင်စိန်က တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဟန်ထွန်းက ပထမဆုရ ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဌေးက ပထမဆုဖလားနှင့် ငွေသားဆုများကို ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ဦးစီး အရာရှိ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝန်ထမ်းများ သြဂုတ် ၉ရက်က ဘားအံမြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေး လူငယ် သင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ မိုးကုတ်ရိပ်သာ ဝါတွင်းအထူးတရားစခန်းပွဲ

မိတ္ထီလာ အောက်တိုဘာ ၇

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ်ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားပွဲအဖြစ် တတိယတရားပတ်ကို သီတင်းကျွတ်လဆန်း ၁ ရက်မှ ၇ရက်(အောက်တိုဘာ ၁၂ရက်မှ ၁၈ရက်)အထိ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရိပ်သာပဓာန နာယကကျောင်းသစ်ကျောင်း ဆရာတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစာရ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း–၀၆၄–၃၅၂၄၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘများဖြစ်ကြသော ဦးဘွန်ချိန်–ဒေါ်ကျင်ဥတို့အား အမှူးထား၍ ဧရာဝတီတိုင်း ဟင်္သာတမြို့ ဦးဝိစာရလမ်း အမှတ်(၄)နေ ဦးသိန်းထွန်းချိန်–ဒေါ်စန်းစန်းဌေး၊ ဦးဌေးလွင်–ဒေါ်ကျင်နွဲ့၊ ဦးအာယု–ဒေါ်ခင်မြသွင်၊ ဦးအောင်ခိုင်–ဒေါ်သင်းသင်းကြူနှင့် မြေးမြစ်တစ်စုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘားလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်အရှင်စာရိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေကူမြို့၌ ဈေးရှေ့ရေမြောင်း တူးဖော်ဆောင်ရွက်

ရွှေကူ အောက်တိုဘာ ၆

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မြို့တွင်းလမ်းများနှင့် လမ်းဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်ပြီး ရေမြောင်းအတွင်း အမှိုက်များ၊ ရေဆိုးများမရှိစေရန် ရွှေကူမြို့မဈေးရှေ့ ရေမြောင်း တူးဖော်နေမှုကို စက်တင်ဘာ ၁၀ရက်က အမှုဆောင် အရာရှိ ဦးခင်အောင်နီ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်က ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စိမ့်စမ်းရေများ ရေစီးကောင်းမွန်ရေး ဆောင်ရွက်

မိုးကုတ် အောက်တိုဘာ ၇

မိုးကုတ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်သည့် မြို့ပေါ်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိပြီး နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးဝေရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက် နံနက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာစန်းနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေဦးရေထွက်မှ စိမ့်စမ်းရေများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (တိုင်းစည်ပင်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသီဟဖြိုးကျော် ဦးစီးသော ခေတ္တရာမြို့သစ် (၃)လမ်း ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်း ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်ရိပ်သာ၌ တရားစခန်းပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

မွန်ပြည်နယ် မုဒုံမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၄၃၁)၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ ဦးထိပ်ထား၍ သီတင်းကျွတ်လပြည့်ကျော် ၄ရက်မှ ၁၀ရက် (အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၅ရက်)အထိ မိုးကုတ်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဦးသုန္ဒရ (ရွှေစက်တော်ကျောင်းတိုက်)နှင့် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်မှ ၁၅ရက် (နိုဝင်ဘာ ၃၀မှ ဒီဇင်ဘာ ၉ရက်)အထိ မိုးကုတ်အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဦးသုနန္ဒ (ဓမ္မရံသီ)တို့က ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၀၅၇–၇၀၂၆၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အောင်မြင်ဖြစ်ထွန်းနေသော ဆင်းနွယ်ရင်မျိုးသန့် မိုးစပါးစိုက်ခင်း ကြည့်ရှု

မလှိုင် အောက်တိုဘာ ၁၀

မလှိုင်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အဖွဲ့ဝင်များသည် ညောင်အုပ်ကျေးရွာအုပ်စု မြို့ကုန်းဆည်ရေသောက်အတွင်း စိုက်ပျိုးထားသော ဆင်းနွယ်ရင် မျိုးသန့် မိုးစပါးဧက၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို စက်တင်ဘာ ၂၃ရက်က သွားရောက်ကြည့်ရှုခဲ့ကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ ကျေးရွာအုပ်စုဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ တောင်သူများ စုစုပေါင်းအင်အား ၁၀၀ကျော်တက်ရောက်လေ့လာခဲ့ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက မိုးစပါးလယ်ကုန် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမောင်က ဆင်းနွယ်ရင်မျိုးသန့် မိုးစပါးဧက၁၀၀ အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်နိုင်မှု အခြေအနေကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးပြီး

မလှိုင်မြို့နယ်အနေဖြင့်၂၀၀၇–၂၀၀၈ မိုးစပါး စိုက်ပျိုးရန် လျာထားဧက ၂၂၀၁၇ ဧက ဖြစ်သော်လည်း လယ်ကုန်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၆ရက် အထိ၂၃၁၀၇ဧကစိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ **(၄၁၉)**

ကောလင်း–တောင်မော်လမ်း စုပေါင်းပြုပြင်ဆောင်ရွက်

ကောလင်း အောက်တိုဘာ ၈

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ၂၂ရက်က ကောလင်း–တောင်မော်လမ်း မြေသားပြုပြင်ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြသည်။ အဆိုပါအဖွဲ့သည် တောင်မော်ကျေးရွာနှင့် တောင်မော်ရိပ်သာသွားလမ်းမကြီးကို မြေသားပြုပြင်ခြင်း၊ ကျောက်ချခြင်း၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် လမ်းတံတားပြုပြင် ထိန်းသိမ်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ **(၀၂၆)**

smt ရွှေမင်းသားကို အရောက်လာခဲ့နော်. . .
အားလုံးအဆင်ပြေသွားလိမ့်မယ်. . .
SRE
ရွှေမင်းသားအင်တာပရိုက်စ်ကုမ္ပဏီလီမိတက်
SMC
. . . .
ရွှေမင်းသားမီဒီယာနှင့် ပုံနှိပ်လုပ်ငန်း
အမှတ်(၇၉၇)၊ ၁၀၄/ဘီ၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်။
၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉ ၅၁၀၃၇၂၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၅၊ နည်းဥပဒေ–၁နှင့်၅)

စစ်ကိုင်းတိုင်းတရားရုံးတော်

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၅၅

ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကလေးမြို့။ **နှင့်** ၁။ ဦးဟရန်ထန်ဇားမာ(ခ)ဟရန်ဇားမာ ၂။ ဒေါ်လာလ်ဆောင်းမီး

တရားလို **တရားပြိုင်**

ဦးဟရန်ထန်ဇားမာ(ခ)ဟရန်ဇားမာ(ဇနီး)၊ ဒေါ်လာလ်ဆောင်းမီး ဗိုလ်ချုပ်လမ်း တာဟန်း(၂)ကလေးမြို့(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်ဖော်ပြပါ တရားလိုဘဏ်က ဘဏ်ချေးငွေပေးဆပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်လဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၃၁ ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသိန်း
တွဲဖက်တိုင်းတရားသူကြီး။

Menthol(BP) ကီလို ၁၀၀၀ အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းများ** – Menthol(BP)
၂။ **တင်ဒါပိတ်ရက်/အချိန်** – ၂၅–၁၀–၂၀၀၇ရက် (၁၄း၀၀)နာရီ
၃။ **နေရာ** – နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်–၀၆၇–၄၀၈၁၆၂၊၀၆၇–၄၀၈၁၄၃၊
မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)နေပြည်တော်
အမှတ်(၁)စက်မှုဝန်ကြီးဌာန။

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၈၇၆ ယမယာ DT 125 မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးလောတ်စီ မှတ်ပုံတင်အမှတ် ၁၃/တဝတ(နိုင်)၀၁၀၆၉၆က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လားရှိုး)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၁၀၀၂၂ Honda Wave မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသာဇံ မှတ်ပုံတင်အမှတ် ၆/ပလန(နိုင်)၀၁၆၆၈၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး (မြိတ်)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၂၆၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် မှတ်ပုံတင်အမှတ် ၅/ကနန(နိုင်)၀၂၁၁၅၅က စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေးမြို့)။

ဖခင်အမည်မှန်

ဖခင်အမည်မှန် မိတ္ထီလာမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းမှ ခွန်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်သန်း ဖြစ်ပါကြောင်း။

ဦးခွန်အောင်သန်း။

ရောင်းမည်

TOYOTA DYNA 87 MODEL

(ဃ) (လ/၂ .....ထောင်ကျော်)

ပွဲစားမလို။

စုံစမ်းရန် ဖုန်း–၀၉–၅၁၂၃၉၂၁။

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၁) ဆဋ္ဌမတန်း (C)မှ မောင်ထက်မြက်အား မောင်လှိုင်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လှိုင်ဖြိုးအောင်။

အမည်ပြောင်း

ရပ်စောက်မြို့ အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ဝေဇင်အောင်အား ယနေ့မှစ၍ မောင်လမင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လမင်းမောင်။

အမည်ပြောင်း

အဖဦးခင်မောင်ဝင်း၏သားပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း(D)မှ မောင်ကျော်အောင်စိုးအား အောင်ကျော်စိုးဟု ခေါ်ပါရန်။ **အောင်ကျော်စိုး။**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

နယ်ချဲ့ခိုင်းဖတ် ခဲဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား